# မန္တလေး နေ့စဉ်

*The Mandalay Daily*

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၉၁)၊ ၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်၊ ၂၁-၉-၂၀၂၄၊ စနေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရန်ကုန် - မန္တလေး ရထားလမ်းပိုင်းအတွင်း ရန်ကုန်မှ သာစည်အထိ အမှတ်(၁၁)အဆန်နှင့် သာစည်မှ ရန်ကုန်အထိ (၁၂)အစုန် ရထားခရီးစဉ်များ စတင်ပြေးဆွဲပေးမည်

နေပြည်တော် စက်တင်ဘာ ၂၀

တိုင်ဖွန်းမုန်တိုင်း "ရာဂီ"၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ရန်ကုန် - မန္တလေး ရထားလမ်းမကြီး၏ အချို့ရထားလမ်းတာပေါင်နေရာများနှင့် တံတားများရေတိုက်စား၍ ပျက်စီးခဲ့မှုများကြောင့် စက်တင်ဘာ ၁၃ ရက်မှစတင်၍ ယာယီရပ်ဆိုင်းထားရသည့် ရထားခရီးစဉ်များကို အမြန်ဆုံးပြန်လည်ပြေးဆွဲနိုင်ရေးအတွက် ပြုပြင်ဆောင်ရွက်လျက်ရှိရာ ရန်ကုန်နှင့်သာစည်အကြား အဆန်ရထားလမ်းပိုင်း ပြုပြင်ပြီးဖြစ်၍ လူစီးရထားနှင့် ကုန်ရထားများကို စက်တင်ဘာ ၂၀ ရက်မှစတင်ပြေးဆွဲပေးမည်ဖြစ်သည်။

ရန်ကုန် - သာစည်ရထားလမ်းပိုင်း၌ စက်တင်ဘာ ၂၁ရက်မှစတင်ပြေးဆွဲပေးမည့် အမှတ် (၁၁)အဆန် လူစီးရထားသည် ရန်ကုန်ဘူတာမှ

စာမျက်နှာ ၄ သို့ ❖

**ယနေ့ ဖတ်စရာအညွှန်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ က စတုတ္ထအကြိမ်မြောက် ယူရေးရှားအမျိုးသမီး ဖိုရမ်တွင် ဗီဒီယိုမိန့်ခွန်း ပြောကြား

စာမျက်နှာ ၃

**နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်**

(၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၀ ရက်နေ့ ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)

နေပြည်တော်နှင့် အနီးတစ်ဝိုက် အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်ပါသည်။ **မိုး/ဇလ**



# ကလောမြို့၌ ရေများကျဆင်းသွားပြီးနောက် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် မြို့တွင်းလမ်းများ ကောင်းမွန်စေရေးအတွက် စုပေါင်းသန့်ရှင်းရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိ

ကလော စက်တင်ဘာ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေများစီးဆင်းမှုကြောင့် စက်တင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဆောင်သည် အမြင့် ၁၃ ပေခန့် နစ်မြုပ်ခဲ့ပြီး အဆိုပါကျောင်းတွင် ရေများပြန်လည်ကျဆင်းသွားသည့်အတွက် စာသင်ကျောင်းအမြန်ဆုံးဖွင့်လှစ်နိုင်ရေး စက်တင်ဘာ ၁၃ ရက်မှစကာ ကျောင်းသန့်ရှင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။(အပေါ်ပုံ)

ထိုသို့ ဆောင်ရွက်ရာတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကြီးကြပ်မှုဖြင့် နယ်မြေခံ တပ်နယ်မှူး၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့

စာမျက်နှာ ၄ သို့ ◆


ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ၉ ရက်သာ လိုတော့သည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၁ ရက်၊ စနေနေ့။

# အသက်မွေးဝမ်းကျောင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် တိုင်ဖုန်းမုန်တိုင်း ရာဂိဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် ရေကြီးနစ်မြုပ်ခဲ့သည့် ဒေသများတွင် အသက်မွေးဝမ်းကျောင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စီမံဆောင်ရွက်လျက်ရှိသည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း လတ်တလောအမြန်ဆောင်ရွက်ပေးရမည့် ရေတိုလုပ်ငန်းများနှင့် ရေရှည်စီမံချက်ရေးဆွဲဆောင်ရွက်သွားရမယ့် လုပ်ငန်းများ ရှိပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် လတ်တလောဆောင်ရွက်ပေးရမယ့် လုပ်ငန်းများကို အချိန်တိုအတွင်း လူအင်အားနဲ့ ထိထိရောက်ရောက်စီမံဆောင်ရွက်သွားကြဖို့ လိုမှာဖြစ်ပါကြောင်း၊ ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်း ယခုကတည်းက စီမံချက်ရေးဆွဲပြီး စနစ်တကျဆောင်ရွက်သွားကြရမှာဖြစ်ပါကြောင်း၊ သက်ဆိုင်ရာကော်မတီဝင် ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ သဘာဝဘေးအန္တရာယ် ကျရောက်ဖြစ်ပွားပါက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ အစီအမံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသည့်အတိုင်း အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားကြဖို့ တိုက်တွန်းမှာကြားလိုပါကြောင်း အသက်မွေးဝမ်းကျောင်း ပြန်လည်ထူထောင်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက စက်တင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာနအစည်းအဝေးခန်းမတွင် ကျင်းပသည့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ(၂/၂၀၂၄)လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြောကြားခဲ့သည်။

ပျက်စီးဆုံးရှုံးသွားသော သီးနှံများ ပြန်လည်အစားထိုးစိုက်ပျိုးမည့်အစီအစဉ်များ ရေးဆွဲပြီး အချိန်မီစိုက်ပျိုးနိုင်ရေး ပံ့ပိုးသွားမည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ရေကြီးနစ်မြုပ်၍ ပျက်စီးဆုံးရှုံးမှုများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအနေဖြင့် ပိုမိုထိခိုက်ဆုံးရှုံးမှုများရှိသည့်အတွက် မိမိတို့ကော်မတီဝင်ဌာနများအနေဖြင့် ပြန်လည်စိုက်ပျိုးရနိုင်သော စိုက်ဧကအရေအတွက်များ ကွင်းဆင်းကောက်ယူခြင်း၊ မူလသီးနှံများ ပြန်လည်စိုက်ပျိုးခြင်း၊ အခြားသီးနှံများအား ရာသီဥတုအခြေအနေပေါ်မူတည်၍ ပြန်လည်စိုက်ပျိုးနိုင်ရန် ဒေသအလိုက် သင့်လျော်သည့် မျိုးစေ့များစုဆောင်းခြင်း၊ ထွန်ယက်စိုက်ပျိုးနိုင်ရေး စက်ကိရိယာအကူအညီပေးခြင်းလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသကဲ့သို့ တောင်သူများသိရှိစေရန်လည်း ကျယ်ကျယ်ပြန့်ပြန့် အသိပေးခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ မျိုးစပါးမျိုးအပြင် ဆောင်းသီးနှံများဖြစ်သည့် ပဲမျိုးစုံ၊ နေကြာ၊ မြေပဲမျိုးများကိုလည်း အချိန်မီပံ့ပိုးပေးရန်လည်း လိုအပ်ပါကြောင်း၊ သီးနှံများ ပြန်လည်စိုက်ပျိုးရာတွင်လည်း ရာသီဥတုအခြေအနေအရ ပိုးကျရောက်နိုင်မှုဖြစ်ပေါ်နိုင်သဖြင့် လိုအပ်သည့် နည်းပညာများ ပံ့ပိုးပေး၍ ကြိုတင်ကာကွယ်ဖို့လည်း လိုအပ်မှာဖြစ်ပါကြောင်း၊ စိုက်ပျိုးစရိတ်၊ မြေသြဇာများကို သက်သာသောနှုန်းများဖြင့် သီးနှံပေါ်ပေးနိုင်ရေးကိုလည်း ဆောင်ရွက်ပေးသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

သို့ဖြစ်ရာ အသက်မွေးဝမ်းကျောင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ထိခိုက်ဆုံးရှုံးမှုများကို အချက်အလက်မှန်ကန်စွာရရှိရေးသည် အထူးအရေးကြီးပြီး အချက်အလက်စာရင်းဇယားများ မှန်ကန်တိကျမှသာ ကူညီထောက်ပံ့ရေးလုပ်ငန်းများကို ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

# အမရပူရမြို့နယ်တွင် အင်ဂျင်သုံး ၆-တန်းသွား လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲ ကျင်းပ



**မန္တလေး စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအနေဖြင့် လယ်ယာသုံးစက်ကိရိယာများကို တွင်ကျယ်စွာအသုံးပြုလာစေရေး၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်းဆောင်ရွက်နိုင်ရေး၊ လုပ်သားအင်အားရှားပါးမှု ပြဿနာ ဖြေရှင်းပေးနိုင်ရေး၊ အချိန်တိုအတွင်း စိုက်ဧကများစွာကို ထွန်ယက်စိုက်ပျိုးနိုင်ခြင်းနှင့် စပါးအထွက်နှုန်းကောင်းမွန်စေခြင်းစသည့် ကောင်းကျိုးများစွာကို ရရှိစေရန် ရည်ရွယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာသုံးစက်ရုံ(အင်းကုန်း)နှင့် စိန်ပန်းစက်မှုလက်မှုအဖွဲ့တို့ ပူးပေါင်း၍ အင်ဂျင်စွမ်းအားသုံး ၆-တန်းသွား လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါး စိုက်ပျိုးခြင်း သရုပ်ပြပွဲကို ယနေ့ နံနက် ၉ နာရီက အမရပူရမြို့နယ်၊ မယ်တော်စုကျေးရွာကွင်းအမှတ်(၅၆၈)၊ ဒေသခံတောင်သူ ဒေါ်သင်းသင်းဆွေ၏ လယ်မြေ ဧက(၁ ဒသမ ၂၇) ဧက၌ ကျင်းပခဲ့သည်။

အဆိုပါ သရုပ်ပွဲတွင် မန္တလေးစက်မှုဇုန် ဖွန်ငါးပွင့် စက်မှုလက်မှု၊ MTZ စက်မှုလက်မှု၊ ရွှေသစ္စာစက်မှုလက်မှုလုပ်ငန်း၊ စိန်ပန်းစက်မှုလက်မှုအဖွဲ့မှ ထုတ်လုပ်ထားသည့် အင်ဂျင်စွမ်းအားသုံး ၆-တန်းသွား ကောက်စိုက်စက်အသုံးပြု၍ စိုက်ပျိုးရာတွင် စိုက်ခင်းလယ်မျက်နှာပြင် ညီညာရန် လိုအပ်ခြင်း၊ ပျိုးခင်းအတွက် နေရာ အနည်းငယ်သာ မျိုးစေ့နှုန်းထား အနည်းငယ်ဖြင့် စပါးအထွက်နှုန်း ကောင်းမွန်စေခြင်း၊ ကောက်ထွက်နှင့် ကောက်ပြင် အတိမ်အနက် လိုအပ်သလို ချိန်ညှိစိုက်ပျိုးနိုင်ခြင်း၊ ပျိုးသက် (၁၅-၁၈)ရက်ဖြင့် စိုက်ပျိုးခြင်း၊ ကောက်ပင်မှန်မြန် ခြင်းနှင့် ပင်ပွားအရေအတွက် ပိုမို ရရှိခြင်း၊ တစ်ဧက ကောက်ထွက် ပြည့်မီခြင်း၊ ရာသီဥတုပြောင်းလဲလာသည်တို့တွင် အချိန်မီ စိုက်ပျိုးနိုင်ခြင်းနှင့် အင်ဂျင်စွမ်းအားသုံး ၆-တန်းသွား လက်ဆွဲကောက်စိုက်စက်၏ စက်မှုပိုင်းဆိုင်ရာနှင့် စိုက်ပျိုးရေးဆိုင်ရာ အချက်အလက်များကို မြို့နယ်ဦးစီးမှူး ဦးသွယ်သွယ်ထွန်းနှင့် စိုက်ပျိုးရေးဦးစီးမှူး ဒေါက်တာမိုးဆွေရည်တို့က ရှင်းလင်းပြောကြားခဲ့သည်။ မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲသို့ အမရပူရမြို့နယ်စိုက်ပျိုးရေးညှိနှိုင်းအဖွဲ့ဝင်များ၊ ကျေးရွာ(၅)ရွာမှ ဒေသခံ တောင်သူများ စုစုပေါင်း (၃၆)ဦးခန့် စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုစိုက်ပျိုးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်-၄)**

၀-၀-၀-၀-၀

၀-၀-၀

# သရက်မြို့၌ ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်လှစ်



**သရက် စက်တင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်း ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ခရိုင်ခန်းမ၌ ကျင်းပသည်။

(အပေါ်ပုံ)

အဆိုပါ အခမ်းအနားတွင် မြို့နယ်အဆင့် သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအေးက အဖွင့်အမှာစကားပြောကြားရာတွင် သန်းခေါင်စာရင်းဆိုသည်မှာ လူဦးရေဆိုင်ရာအကြောင်းအရာနှင့် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး အစရှိသည့် နိုင်ငံအတွက် အထောက်အကူပြုမည့် အချက်အလက်အကြောင်းအရာများကို တစ်နိုင်ငံလုံး(သို့မဟုတ်)သတ်မှတ်နယ်မြေဒေသတစ်ခုခုအတွင်း၌ ရှိသည့် လူတိုင်းကို တစ်ကြိမ်တည်း၊ တစ်ပြိုင်တည်း မထပ်မကျန် ရရှိအောင် ကောက်ယူသည့် လုပ်ငန်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်အဆင့် သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးအရာရှိ ဦးစိုးနိုင်ဝင်းက သန်းခေါင်စာရင်းဆိုင်ရာများ ပြောကြားခဲ့ပြီး သင်တန်းနည်းပြများက တစ်ဦးချင်း မိတ်ဆက်ပေးခဲ့ကြောင်း သိရသည်။

**ဇော်ဝမ်းထွန်း(အောင်လံ)**

# ဗျတ္တပန်းဆက်လမ်း တောင်နံရံပြို လမ်းပျက်စီးမှု ပြုပြင်ပြီးစီး

**ကျောက်ပန်းတောင်း စက်တင်ဘာ ၂၀**

စက်တင်ဘာလ ဒုတိယပတ်အတွင်း ရွာသွန်းခဲ့သည့် မိုးသည်းထန်မှုကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း လမ်းတံတားများပေါ် ရေလွှမ်းပျက်စီးမှုများရှိခဲ့ရာ ကျောက်ပန်းတောင်းမြို့နယ်လည်း အပါအဝင်ဖြစ်သည်။

အဆိုပါ မိုးသည်းထန်ပြီး တောင်ကျရေအရှိန်ကြောင့် လည်းကောင်း၊ မြေအစိုဓာတ်များ၍ လည်းကောင်း ကျောက်ပန်းတောင်းမြို့နယ်၊ ကျောက်ပန်းတောင်း-ပုပ္ပားလမ်းပိုင်း၊ ဗျတ္တပန်းဆက်လမ်း မိုင်တိုင် ၁၇ နှင့် ၁၈အကြား (တောင်ကလပ်အပိုင်း)တွင် မြေကာနံရံ အမြင့် ၂၀ ပေခန့် ပြိုကျခဲ့သည်။

အဆိုပါ မြေကာနံရံပြိုကျခဲ့သည့်အပိုင်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် လမ်းဦးစီးဌာနမှ အနီးကပ်ကြီးကြပ်ပြီး ကတ္တရာပေပါတုတ်ကာ၍ အမြန်ဆည်ဖို့ ပြုပြင်ခဲ့ရာ စက်တင်ဘာ ၁၉ ရက်တွင် ပြီးစီးခဲ့ပြီးဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးအတွင်းတွင် ပြိုခဲ့သည့် ရက်ပိုင်းများက မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် လမ်းပိုင်းပေါင်း ၃၀ ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့ရာတွင် ယမန်နေ့အထိ လမ်းပိုင်း ၂၂ ခု ပြုပြင်ဆောင်ရွက်နိုင်ခဲ့ပြီး ခရီးသွားပြည်သူများ ပုံမှန်ပြန်လည်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

**(၀၅၄)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

**အမျိုးသမီးများသည် ပဋိပက္ခများ၏ဒဏ်ကို ပိုမိုခံစားရသူများဖြစ်သည့်အတွက် အပြန်အလှန်နားလည်ယုံကြည်ရေး၊ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးဆောင်ရွက်ရာတွင် အမျိုးသမီးထုအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ မရှိမဖြစ်လိုအပ်ချက်ဖြစ်လာ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ စတုတ္ထအကြိမ်မြောက် ယူရေးရှားအမျိုးသမီးဖိုရမ်တွင် ဗီဒီယိုမိန့်ခွန်းပြောကြား

(၂၀-၉-၂၀၂၄ ရက်၊ စိန့်ပီတာစဘတ်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၈ ရက်မှ ၂၀ ရက်အထိ **“ယုံကြည်မှုများ တိုးမြှင့်ခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်း အတွက် အမျိုးသမီးများ ကဏ္ဍ”** ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်လျက်ရှိသည့် စတုတ္ထအကြိမ်မြောက် ယူရေးရှားအမျိုးသမီးဖိုရမ်သို့ ဗီဒီယိုမိန့်ခွန်းပေးပို့ခဲ့သည်။

**မိန့်ခွန်းများ အသီးသီးပြောကြား**

ဖိုရမ်၏ဖွင့်ပွဲနှင့် မျက်နှာစုံညီအခမ်းအနားတို့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ သမ္မတ မစ္စတာ ဗလာဒီမာပူတင်၊ ရုရှားနိုင်ငံအထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စ ဗာလန်တီးနား မာ့တ်ဗီရမ်ကာနှင့် စိန့်ပီတာစဘတ်အစိုးရအဖွဲ့အကြီးအကဲ မစ္စတာ အလက်ဇန္ဒား ဘယ်ဂ်လော့တို့က မိန့်ခွန်းများကို တက်ရောက်ပြောကြားခဲ့သည်။ ထို့ပြင် ရုရှားနိုင်ငံဝန်ကြီးချုပ် မစ္စတာ မီခေး မီရှူစတင် က မိန့်ခွန်းပေးပို့ခဲ့သည်။ ထို့နောက် မျက်နှာစုံညီနှီးနှောဖလှယ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ ဖိုရမ်သို့တက်ရောက်လာသော နိုင်ငံတကာလွှတ်တော်အသီးသီးနှင့် အစိုးရအဖွဲ့အစည်းများ၏ အမျိုးသမီးခေါင်းဆောင်များက မိန့်ခွန်းများ အသီးသီးပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၏ ဗီဒီယိုမိန့်ခွန်း အပြည့်အစုံမှာ-

မြန်မာနိုင်ငံတွင် အစိုးရမဟုတ်သောအဖွဲ့အစည်းများဖြစ်သည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း စသည့် အသင်းအဖွဲ့များအနေဖြင့် အမျိုးသမီးများ၊ မိခင်လောင်းများ၊ အမျိုးသမီးငယ်ရွယ်များ၊ ကလေးသူငယ်များ၊ သက်ကြီးဘိုးဘွားများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ဘဝလုံခြုံရေးကို ကူညီစောင့်ရှောက်လျက်ရှိပါကြောင်း၊ မိမိအနေဖြင့် ဂုဏ်ထူးဆောင်နာယကအဖြစ် လမ်းညွှန်ပါဝင်ဆောင်ရွက်နေပါကြောင်း။

မြန်မာနိုင်ငံ၏ လူဦးရေထက်ဝက်ကျော်သည် အမျိုးသမီးများဖြစ်သည့်အတွက် ကမ္ဘာ့အမျိုးသမီးများနှင့်အတူ မြန်မာအမျိုးသမီးများသည်လည်း ယုံကြည်မှုနှင့် ကမ္ဘာလုံးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း။

မျက်မှောက်ခေတ်ကမ္ဘာကြီးတွင် ရာသီဥတုပြောင်းလဲမှု၊ ဆင်းရဲမွဲတေမှု၊ လိုအပ်လာသော ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးဝန်ဆောင်မှု၊ နည်းပညာကဏ္ဍဖွံ့ဖြိုးမှု၊ လူ့အခွင့်အရေး၊ အထူးသဖြင့် အမျိုးသမီးအခွင့်အရေးချိုးဖောက်မှု၊ ကုန်သွယ်ရေး ပဋိပက္ခ၊ စစ်ရေးပဋိပက္ခ စသည့် စိန်ခေါ်မှုများကို ရင်ဆိုင်နေရပြီး အမျိုးသမီးများ၏ ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုနှင့် စီမံခန့်ခွဲမှုအရည်အသွေးများ တစ်နေ့တခြား လိုအပ်မှုရှိလာသည်ကို တွေ့ရပါကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ စတုတ္ထအကြိမ်မြောက် ယူရေးရှားအမျိုးသမီးဖိုရမ်တွင် ဗီဒီယိုမိန့်ခွန်းပြောကြားစဉ်။

အမျိုးသမီးများသည် ပဋိပက္ခများ၏ဒဏ်ကို ပိုမိုခံစားရသူများဖြစ်သည့်အတွက် အပြန်အလှန်နားလည်ယုံကြည်ရေး၊ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးဆောင်ရွက်ရာတွင် အမျိုးသမီးထုအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ မရှိမဖြစ်လိုအပ်ချက်ဖြစ်လာပါကြောင်း။




စတုတ္ထအကြိမ်မြောက် ယူရေးရှားအမျိုးသမီးဖိုရမ် ကျင်းပစဉ်။

BRICS အဖွဲ့ကြီး၏ အမျိုးသမီးစီးပွားရေးမဟာမိတ်အဖွဲ့သည် အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေးမှာ အရေးပါသည့်ယန္တရားတစ်ရပ်အဖြစ် ဆောင်ရွက်နေသည်ကို အားတက်ဖွယ်တွေ့ရှိရပါကြောင်း။

ယခုအချိန်သည် အမျိုးသမီးများ၏ နေ့စဉ်ဘဝကိစ္စ ဆောင်ရွက်မှုကိုသာမက ကမ္ဘာ့ရေးရာကိစ္စများတွင်ပါ ရဲစွမ်းသတ္တိ၊ ယုံကြည်မှု၊ လှုံ့လဝီရိယရှိမှု၊ ဦးဆောင်နိုင်မှု၊ ခံနိုင်ရည်စွမ်းအား၊ ဖန်တီးနိုင်စွမ်းအားများကို အသိအမှတ်ပြုအားပေးရမည့်အချိန်အခါဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို အထူးအလေးထားလျက်ရှိပါကြောင်း။

ယခု ယူရေးရှားအမျိုးသမီးဖိုရမ်သည် ကမ္ဘာတစ်လွှားမှ အမျိုးသမီးများ၏ အကျိုးစီးပွားကို မြှင့်တင်ရေးအတွက်သာမကဘဲ ယုံကြည်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတို့ကို အကောင်အထည်ဖော်နေသော အမျိုးသမီးထုကြီး၏ စုပေါင်းအင်အားအတွက် အထောက်အပံ့ဖြစ်မည်ဟု ယုံကြည်ပါကြောင်း။

ဤဖိုရမ် ဆက်လက်တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နိဂုံးချုပ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အဆိုပါဖိုရမ်ကို “ငြိမ်းချမ်းရေးနှင့် ယုံကြည်မှုအတွက် အစီအစဉ်သစ်”၊ “စီးပွားရေးဆိုင်ရာ အမှန်တရား-နည်းပညာများနှင့် တီထွင်ဆန်းသစ်မှုများ”၊ “ကျန်းမာသန်စွမ်းသော လူ့အသိုင်းအဝိုင်းနှင့် သာယာဝပြောသော လူမှုအဖွဲ့အစည်း”၊ “သန့်ရှင်းသောကမ္ဘာနှင့် အစားအသောက်လုံခြုံရေး”၊ “ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းခြင်းနှင့် ယဉ်ကျေးမှုကွဲပြားခြားနားခြင်း” တို့အတွက် အမျိုးသမီးများ၏ ကဏ္ဍနှင့် “BRICS အမျိုးသမီးဖိုရမ်ဆွေးနွေးပွဲ” တို့ကို ခေါင်းစဉ်များအလိုက် ကျင်းပဆွေးနွေးကြသည်။

**“ဓလေ့ထုံးထမ်းများကို ထိန်းသိမ်းခြင်းနှင့် ယဉ်ကျေးမှုကွဲပြားခြားနားခြင်းတို့အတွက် အမျိုးသမီးများ၏ ကဏ္ဍ”** ခေါင်းစဉ်အောက်၌ မြန်မာအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်ကလည်း ဗီဒီယိုမိန့်ခွန်း ပေးပို့ပြောကြားခဲ့သည်။

စတုတ္ထအကြိမ်မြောက် ယူရေးရှားအမျိုးသမီးဖိုရမ်သို့ နိုင်ငံတကာမှ ဒုတိယသမ္မတများ၊ လွှတ်တော်ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးချုပ်၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အာကာသ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးနှင့် နျူကလီးယားကဏ္ဍဆိုင်ရာ အမျိုးသမီးခေါင်းဆောင်များနှင့် ပညာရှင်များအပါအဝင် နိုင်ငံပေါင်း ၁၂၆ နိုင်ငံမှ ကိုယ်စားလှယ်ပေါင်း ၁၅၀၀ ပါဝင်တက်ရောက်ခဲ့ကြောင်းသိရသည်။ **သတင်းစဉ်**

**မျက်မှောက်ခေတ်ကမ္ဘာကြီးတွင် ရာသီဥတုပြောင်းလဲမှု၊ ဆင်းရဲမွဲတေမှု၊ လိုအပ်လာသော ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးဝန်ဆောင်မှု၊ နည်းပညာကဏ္ဍဖွံ့ဖြိုးမှု၊ လူ့အခွင့်အရေး၊ အထူးသဖြင့် အမျိုးသမီးအခွင့်အရေးချိုးဖောက်မှု၊ ကုန်သွယ်ရေးပဋိပက္ခ၊ စစ်ရေးပဋိပက္ခ စသည့် စိန်ခေါ်မှုများကို ရင်ဆိုင်နေရပြီး အမျိုးသမီးများ၏ ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုနှင့် စီမံခန့်ခွဲမှုအရည်အသွေးများ တစ်နေ့တခြား လိုအပ်မှုရှိလာသည်ကို တွေ့ရ**

# နိုင်ငံတော်တွင် မူပိုင်ခွင့်အကာအကွယ်ပေးသည့် စနစ်တည်ထောင်ရာတွင် အများပြည်သူ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးကို ဦးတည်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုအပ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီအစည်းအဝေး (၂/၂၀၂၄) သို့ တက်ရောက်အမှာစကားပြောကြား



နေပြည်တော် စက်တင်ဘာ ၂၀

မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီအစည်းအဝေး (၂/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မူပိုင်ခွင့်ဆိုင်ရာ ပညာရှင်များ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

### မူပိုင်ခွင့်မှတ်ပုံတင်ခြင်းစနစ်

ဦးစွာ မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နိုင်ငံတော်အနေဖြင့် မူပိုင်ခွင့်ဥပဒေများကို အာဏာသက်ဝင်နိုင်ခဲ့ပြီး ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်လျှောက်ထားခြင်း၊ စက်မှုဒီဇိုင်းမူပိုင်ခွင့် လျှောက်ထားခြင်း၊ စာပေနှင့် အနုပညာမူပိုင်ခွင့် လျှောက်ထားခြင်းတို့ကို လက်ခံဆောင်ရွက်နေပြီဖြစ်သည့်အတွက် နိုင်ငံတော်တွင် မူပိုင်ခွင့်မှတ်ပုံတင်ခြင်းစနစ်သည် အာဆီယံနိုင်ငံနှင့် အခြားသော ကမ္ဘာ့နိုင်ငံများနည်းတူ စတင်ဖွံ့ဖြိုးတိုးတက်လာပြီဟု ဆိုရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အာဆီယံဒေသတွင်း မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းစီမံချက်ပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင်လည်း ကျန်အဖွဲ့ဝင်နိုင်ငံများနည်းတူ ပါဝင်ဆောင်ရွက်လာနိုင်ပြီဖြစ်သည့်အတွက် ဦးဆောင်နိုင်ငံတစ်ခုအဖြစ် ရပ်တည်နိုင်ရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

နိုင်ငံတော်အနေဖြင့် ယှဉ်ပြိုင်မှုမြင့်မားသော MSMEs များအဖြစ် ရပ်တည်လာနိုင်စေရေးအတွက် ရန်ပုံငွေ၊ နည်းပညာနှင့် လိုအပ်သည့် အခြားကူညီထောက်ပံ့ပေးမှုများကို ဆောင်ရွက်ပေးနေသကဲ့သို့ တစ်ဖက်တွင်လည်း မိမိတို့လုပ်ငန်း၏ အမှတ်တံဆိပ်များ၊ ဖန်တီးမှုဒီဇိုင်းများ၊ တီထွင်ဖန်တီးမှုများနှင့် စာပေနှင့် အနုပညာလက်ရာများကိုလည်း မူပိုင်ခွင့်ဖြင့် အကာအကွယ်ရယူနိုင်ကြခြင်းဖြင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးကို အားပေးမြှင့်တင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တက္ကသိုလ်နှင့် သုတေသနဌာနများမှ တီထွင်ဖန်တီးလိုသည့် လက်ရာများကို ဈေးကွက်တွင်ဖြန့်ဖြူးနိုင်စေရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းသည်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်သည့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကျင့်သုံးနေသည့်စနစ်တစ်ရပ်ဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ မူပိုင်ခွင့်စနစ်ဖြင့် နည်းပညာများလွှဲပြောင်းရယူနိုင်မည်ဖြစ်ပြီး နိုင်ငံတော်ရှိ ကုန်ထုတ်လုပ်မှုကဏ္ဍ မြင့်မားတိုးတက်လာစေရေး အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်တွင် မူပိုင်ခွင့်အကာအကွယ်ပေးသည့် စနစ်တည်ထောင်ရာတွင် အများပြည်သူ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးကို ဦးတည်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ အတည်ပြုခဲ့ပြီးသည့် အမျိုးသားအဆင့်မူပိုင်ခွင့်ဆိုင်ရာ မဟာဗျူဟာပါ လုပ်ငန်းစဉ်များနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့် တာဝန်ခံဝန်ကြီးဌာနနှင့် အတူ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ ယနေ့အစည်းအဝေးသို့ ပါဝင်တက်ရောက်ကြသည့် တာဝန်ခံဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ မူပိုင်ခွင့်ဆိုင်ရာ ပညာရှင်များအနေဖြင့် နိုင်ငံတော်၏စီးပွားရေးဦးတည်ချက်များကို အကောင်အထည် ဖော်ရာတွင် အထောက်အကူဖြစ်စေသည့် မူပိုင်ခွင့်အကာအကွယ်ပေးခြင်း စနစ်တစ်ရပ်ကျင့်သုံးရာတွင် မိမိတို့ပါဝင်ဆောင်ရွက်နိုင်သည့် အခန်းကဏ္ဍများမှ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ ဗဟိုကော်မတီတွဲဖက်အတွင်းရေးမှူးက မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ (၂/၂၀၂၄)ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြသည့် အမှာစာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

### ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

ယင်းနောက် ဗဟိုကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

---

❖ ရွှေဖုံးမှ

နံနက် ၅ နာရီတွင် ထွက်ခွာ၍ သာစည်ဘူတာသို့ ည ၈ နာရီခွဲတွင်လည်းကောင်း၊ အမှတ်(၁၂)အစုန် လူစီးရထားသည် သာစည်ဘူတာမှ နံနက် ၆ နာရီတွင် ထွက်ခွာ၍ ရန်ကုန်ဘူတာသို့ ည ၉ နာရီခွဲတွင်လည်းကောင်း၊ အသီးသီး ဆိုက်ရောက်၊ ထွက်ခွာမည်ဖြစ်ကြောင်းနှင့် လမ်းခရီးတွင် ဘူတာစဉ်အားလုံး၌ ရပ်တန့်ပေးသွားမည်ဖြစ်ပြီး ခရီးစဉ် အစ၊ အဆုံး တစ်ဦးလျှင် အထက်တန်း လက်မှတ်ခ ငွေကျပ်၁၇၀၀၀ နှင့် ရိုးရိုးတန်း လက်မှတ်ခ ငွေကျပ် ၉၀၀၀နှုန်းဖြင့် ယခင်နှုန်းထားအတိုင်း ပြန်လည်ပြေးဆွဲပေးမည်ဖြစ်သည်။

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများခရီးသွားလာမှုလွယ်ကူအဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ သာစည်-မန္တလေး ရထားလမ်းပိုင်းကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး ပြုပြင်ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်မှ မန္တလေးအထိ ရထားခရီးစဉ်များကို မကြာမီပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

သတင်းစဉ်

---

◆ ရွှေဖုံးမှ

ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ ဦးဆောင်၍ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ ပူးပေါင်း၍ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် စက်ယန္တရားများနှင့် စုပေါင်း အင်အားတို့ဖြင့် ရွှံ့နွံအမှိုက်များ ဆယ်ယူခြင်း၊ စာသင်ခန်းများ၊ စာသင်ခုံများ၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးများ ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ စက်တင်ဘာ ၂၀ ရက်တွင် စာသင်ခန်းများအား ပိုးသတ်ဆေးဖျန်းခြင်း၊ ရေကန်များတွင် အဘိတ်ဆေးခတ်ခြင်း၊ ရေဆိုးများ သန့်ရှင်းရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူရေနစ်မြုပ်ခဲ့သည့် ကလောမြို့တွင်းလမ်းများ၊ ဌာနဆိုင်ရာရုံးများ၊ ရေနစ်မြုပ်ခဲ့သည့် နယ်မြေခံတပ်မှ ဝန်ထမ်းအိမ်ရာလိုင်းခန်းများ၊ ကလောမြို့တွင်း ရေပေးဝေသည့် ရေထွက်များ၊ မောမြေဦးပန်းခြံတို့တွင် စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်လျက်ရှိကြောင်း၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းကို စက်တင်ဘာ ၂၁ရက်တွင် Grade-8မှ Grade-12 အထိဖွင့်လှစ်သွားမည်ပြီး စက်တင်ဘာ ၂၃ ရက်တွင် Grade 1 မှGrade -12 အထိ ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

## စဉ့်ကိုင်မြို့နယ်၌ ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေများပေးအပ်

စဉ့်ကိုင် စက်တင်ဘာ ၂၀

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် ရေများဝင်ရောက်ခဲ့ပြီး ကျေးရွာအချို့ရှိ နေအိမ်များ ရေဝင်နစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့သဖြင့် ခရိုင်ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာထောက်ပံ့ငွေများကို ယနေ့နံနက်ပိုင်းတွင် ရေဘေးသင့်ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်သည်။

### ထောက်ပံ့ပေးအပ်

ထိုသို့ထောက်ပံ့ရာတွင် ကျောက်ဆည်ခရိုင် ဘေးအန္တရာယ်စီမံခန့်ခွဲမှု ဦးစီးဌာန ဦးစီးအရာရှိ ဦးပြည့်ဖြိုးကျော်နှင့် စဉ့်ကိုင်မြို့နယ်မှ ဌာနဆိုင်ရာများက မြို့နယ်အတွင်း ရေနစ်မြုပ်ခဲ့သော စုစုပေါင်း ကျေးရွာရှစ်ရွာရှိ ရေဘေးသင့်အိမ်ထောင်စု ၂၅၄၃စုမှ လူဦးရေ ၁၀၄၅၅ ဦးအတွက် ထောက်ပံ့ငွေကျပ် ၂၁၉၅၅၅၀၀ ကို ကျေးရွာများအရောက် ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

ကျော်စွာ(စဉ့်ကိုင်)

---

အိမ်ပြင်ပ၌ ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဝမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဝမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဘားအံမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံ အားပေးထောက်ပံ့



ဘားအံ စက်တင်ဘာ ၂၀

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ(၁) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် ယနေ့ နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိပြီး ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များမှာကြားပြီး ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ ယာယီရေဘေးရှောင်စခန်းများ၌ နေထိုင်ကြလျက်ရှိသော ဒေသခံပြည်သူများအား သွားရောက်တွေ့ဆုံ အားပေး၍ ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ဘားအံမြို့ ပြည်ထောင်စုရိပ်သာ၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ရေကြီးရေလျှံမှုကြောင့် ရေဘေးရှောင် စခန်းများ ဖွင့်လှစ်ထားရှိမှု၊ ထိခိုက်ပျက်စီးဆုံးရှုံးမှု၊ စာသင်ကျောင်းများ ယာယီပိတ်ထားရမှုနှင့် ပြန်လည်ဖွင့်လှစ်နိုင်မှု၊ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့လှူဒါန်းမှု၊ မိုးစပါးရေနစ်မြုပ်မှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံမြို့ ကမ်းနားလမ်းတစ်လျှောက်တွင် ရေကြီးရေလျှံမှုဖြစ်စဉ်က တင်ကျန်ခဲ့သော သဲနုန်းများအား တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ သူနာပြုတပ်ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့နှင့် ဒေသခံပြည်သူများပူးပေါင်း၍ မီးသတ်ရေသယ်ယာဉ်၊ ယန္တရားများ အသုံးပြု၍ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းဆောင်ရွက်မှုကို သွားရောက် ကြည့်ရှုအားပေးပြီး စားသောက်ကုန်များ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံမြို့ ရွှေယဉ်မျှော် ပြည်တော်ဇေစေတီတော် အောင်ချမ်းသာဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်းကပ်လှူပူဇော်၍ ရွှေယဉ်မျှော်ပြည်တော်ဇေစေတီတော် ဘက်စုံပြုပြင်မွမ်းမံရေးအတွက် အလှူငွေကျပ် ၁၀ သိန်းကို ဂေါပကအဖွဲ့ဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းသည်။

### အားပေးစကားပြောကြား

ထို့နောက် ရွှေယဉ်မျှော် ပြည်တော်ဇေစေတီတော် ပရိဝုဏ်အတွင်း လှည့်လည်ဖူးမြော်ကြည်ညို၍ အဆိုပါ စေတီတော်၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်းရှိ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ရေဘေးသင့် အိမ်ထောင်စု ၂၈၅ စု၊ လူဦးရေ ၁၄၃၉ ဦး အတွက် ဆန်အိတ် ၃၀၊ ဆီ ၁၄၅ ပိသာ၊ ကြက်ဥအလုံး ၃၀၀၀ နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ ရေဘေးရှောင်စခန်း၌ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ လိုအပ်သည့်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ ပြည်နယ် လမ်းဦးစီးဌာနမှ ရေဘေးသင့် ပြည်သူများအား ချက်ပြုတ်ကျွေးမွေးနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ အလင်းတိုက်စာကြည့်တိုက် ပရိဝုဏ်၌ ရေဘေးရှောင် ပြည်သူများအား ချက်ပြုတ်ကျွေးမွေးနေမှု အခြေအနေများကို ကြည့်ရှုအားပေးကြပြီး အလင်းတိုက်စာကြည့်တိုက်အတွင်း စာအုပ်၊ စာပေများလေ့လာဖတ်ရှုနေကြသည့် ကျောင်းသားကျောင်းသူ၊ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်အားပေးစကား ပြောကြားကာ စာအုပ်စာစောင်များ ဝယ်ယူနိုင်ရန် စာကြည့်တိုက်မှူးထံ ငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ လှာကမြင်ကွက်သစ် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ယာယီရေဘေးရှောင်စခန်းရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး ရေဘေးသင့် အိမ်ထောင်စု ၁၄၇ စု၊ လူဦးရေ ၆၃၇ ဦးအတွက် ဆန် ၁၄ အိတ်၊ ဆီ ၇၅ ပိသာ၊ ကြက်ဥအလုံး ၁၃၀၀၊ ခေါက်ဆွဲခြောက်နှင့် စားသောက် ဖွယ်ရာများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဘားအံမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း ယာယီရေဘေးရှောင်စခန်းရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး ရေဘေးသင့် အိမ်ထောင်စု ၂၁၉ စု၊ လူဦးရေ ၉၇၀ အတွက် ဆန်အိတ် ၃၀၊ ဆီ ၁၄၅ ပိသာ၊ ကြက်ဥအလုံး ၂၀၀၀၊ ခေါက်ဆွဲခြောက်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

### အရာထမ်းများနှင့်တွေ့ဆုံ

ယင်းနောက် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ပြည်ထဲရေးဝန်ကြီးဌာန အောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများမှ အရာထမ်းများနှင့်တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေ၊ နည်းဥပဒေ၊ ကျင့်ဝတ်များနှင့်အညီ နေထိုင်လုပ်ကိုင် ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်က ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးသည် တက်ရောက်လာသူများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး တွေ့ဆုံ အားပေးစကားပြောကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကလောမြို့ပေါ်ရပ်ကွက်နေ ပြည်သူများအတွက် သောက်သုံးရေများပြန်လည်ရရှိ

ကလော စက်တင်ဘာ ၂၀

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေများစီးဆင်းမှုကြောင့် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။ ရေကြီးရေလျှံမှုကြောင့် ကလောမြို့နယ်စည်ပင်သာယာရေးဌာနက မြို့သောက်သုံးရေဖြန့်ဝေပေးသော အင်းပြင်ရေထွက်မှ ရေပေးဝေရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ပြီး အဆိုပါ ရေထွက်မှ မြို့နေပြည်သူများသို့ သောက်သုံးရေများ ပြန်လည်ဖြန့်ဝေပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနနှင့် ကလောမြို့နယ် စည်ပင်သာယာရေးဌာနတို့မှ အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းမှစ၍ အဆိုပါ ရေထွက်မှ ကလောမြို့ပေါ်ရပ်ကွက် ခြောက်ရပ်ကွက်မှ အိမ်ခြေ ၈၈၃ လုံး၊ လူဦးရေ ၄၄၁၅ ဦးတို့အတွက် အလှည့်ကျစနစ်ဖြင့် သောက်သုံးရေများ ပြန်လည်ဖြန့်ဝေပေးနိုင်ခဲ့ပြီး ကျန်ရှိသည့်ရပ်ကွက်များနေ ပြည်သူများအား သောက်သုံးရေပြန်လည်ဖြန့်ဝေပေးနိုင်ရေး အမြန်ဆုံးဆောင်ရွက်လျက်ရှိကြောင်း ကလောမြို့နယ်စည်ပင်သာယာရေးဌာန တာဝန်ရှိသူထံမှ သိရသည်။

မြို့ပေါ်ရပ်ကွက်များ သောက်သုံးရေရရှိရေး ရေပေးဝေနေမှုအား



ကလောတပ်နယ်မှူး၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

# တာဝန်ထမ်းဆောင်ကြသည်ဆိုရာဝယ်

(၁၂-၉-၂၀၂၄)ရက် စာ-၁၇မှ အဆက်

ဆေးရုံတွင်းမှ ထွက်သွားသော ကားပေါ်မှ သူနာပြုအရာရှိလောင်းများထဲတွင် မြင်လိုက်ရသော သူငယ်ချင်းကိုအကြောင်းပြု၍ အတိတ်ရေစီးကြောင်း ထဲတွင် လျှင်မြန်စွာမျောပါသွားခဲ့ရသည်။ ဆေးရုံ တွင်းမှ ဖခင်ထံစားစရာဝယ်၍ ပြန်ခဲ့သည်။ ဆေး တပ်သားက လာပြောသည်။ ညီလေးရေ မနက်ဖြန် မင်္ဂလာဒုံဆေးရုံကြီးကို ပြောင်းရမယ်တဲ့··။ အမှတ် (၂)တပ်မတော်ဆေးရုံတွင် လပေါင်းများစွာ နေသား ကျခဲ့သော ကျွန်တော်နှင့်ဖခင် ဆေးရုံရွှေ့ရမည်ဆို၍ ငှက်ဖျားဆောင်၊ ခွဲစိတ်ဆောင်နှင့် အရေးပေါ်ခန်း တို့မှ လူနာစောင့်များ၊ လူနာများနှင့် ဆေးတပ်သား၊ အရာရှိများက စိတ်မကောင်းကြ၊ ကျွန်တော်က မည်သူကိုမဆို လိုအပ်လျှင်ကူညီခြင်း၊ မိမိသိသမျှ သူနာပြုပညာဖြင့် ကူညီစောင့်ရှောက်ပေးခြင်း၊ ဆေးတပ်သားသဖွယ် နေ့ရောညပါ ဖခင်အပါအဝင် လူနာများအား ဂရုတစိုက် စောင့်ရှောက်ပေးခြင်းတို့ ကြောင့် လူချစ်လူခင်များသည်။ အထူးသဖြင့် နှစ် ချို၍ ဆေးရုံတက်ရပြီး ကျွန်တော်ဆေးအမြဲထည့် ပေး၊ ဘုရားအတူတက်၊ စစ်တုရင်အတူ ထိုးခဲ့ ကြသော ဝမ်းဗိုက်ပွင့်၍ အညစ်အကြေး အိတ်လွယ် ထားရသော ဆရာကြီးစိုးမောင်၊ နောက်အညစ် အကြေးအိတ်အပြင် ဆီးပုလင်းပါ အိတ်နှင့် လွယ် ထားရသည့် ဂန်းရှေ့ဖြစ်သည့် ကရင်လေးတို့က မျက်ရည်ပင်ကျကြသည်။ ဝမ်းပိုက်ပွင့်သော ရေဘဲ ကြီးကတော့ ဆုံးသွားရှာပြီ။ ညနေပိုင်းမအိပ်ခင် ဆေးရုံတွင်းလိုက်၍ နှုတ်ဆက်သည်။ နေ့နေ့ညည ကျွန်တော်သွားချင်သမျှ လိုက်ပို့တတ်သော ထ·လ·ရ (၇)အဖွဲ့၊ ဗမာပြည်ကွန်မြူနစ်ပါတီမှ အလင်းဝင် ခေါင်းဆောင်ကြီး (နိုင်ငံတော်မှ ဆေးကုသပေး)တို့ ကလည်း နှုတ်ဆက်သည်။ နံနက်မိုးလင်းစ ဝေလီ ဝေလင်းတွင် ပန်းခြံထဲ လမ်းလျှောက်လေ့ရှိသော သမ္မတကြီး(ငြိမ်း)ဦးစန်းယုကိုလည်း ကျွန်တော် နှုတ်ဆက်ခဲ့သည်။ ဆုမွန်ကောင်းများကို ကြာမြင့်စွာ ခြွေ၍ ခေါင်းကိုသပ်ကာ 'သားရေ မိဘကို ပြုစု စောင့်ရှောက်သူက ဘယ်တော့မှ အခက်အခဲ မကြုံဘူး။ ကြုံရင်လည်းဖြေရှင်းမယ့်သူ ပေါ်လာ လိမ့်မယ်ဟု ပြောရှာသည်။

ဆေးရုံကားဖြင့် မင်္ဂလာဒုံတပ်မတော်ဆေးရုံ ကြီးသို့ပြောင်းခဲ့ရပြန်သည်။ နှစ်ထပ်ဆောင်အပေါ် ထပ်မှ လေးယောက်ခန်းသို့ ရောက်ခဲ့သည်။ အမှတ် (၂)မှ တပ်မှူးက သေချာစွာမှာလိုက်၍ နေရာသီးသန့် ထားပေးခြင်းဖြစ်သည်။ တိုက်ဆိုင်စွာပင် ရွှေဖျိုင်း နားဆရာတော်ကြီး ဆေးရုံတက်၍ ဆေးကုသမှု ခံယူသည်နှင့်ကြုံသည်။ ဖခင်နှင့်ကပ်လျက်အခန်း တွင် နေရာချထား ကုသစောင့်ရှောက်ပေးသည်။ အမှတ်(၂)ဆေးရုံတွင်လူနာများ၏ ကိစ္စဆောင်ရွက် ဖွယ်များကို သူနာပြုများနှင့်တွဲ လျက်မနားမနေ ဆောင်ရွက်ခဲ့သော်လည်း ယခုမူအခန်းထဲတွင် ဖခင် နှင့် နောက်လူနာတစ်ဦးသာရှိ၍ ကျွန်တော်အတွက် သက်သာသော်လည်း ပျင်းလှသည်။ ဖခင်နှင့်အခန်း တွင်းမှ လူနာအတွက် ဆောင်ရွက်ပြီးသည်နှင့် တစ် ဖက်ခန်းကူး၍ ဆရာတော်ကြီးကို ခြေဆုပ်လက်နယ် ပြုစုသည်။ လိုအပ်သည်များကိုဆောင်ရွက်ပေးသည်။ လူနာသုံးဦးတည်းသာစောင့်ရှောက်ရ၍ ထောင့်စေ့ အောင် ဆောင်ရွက်ပေးနိုင်သည်။ တပ်မတော်သူနာ ပြုအရာရှိလောင်း နန်းမာလာတို့အဖွဲ့ နံနက်တိုင်း၊ ညနေတိုင်း ရောက်လာသည်။ ဝပ်ဆင်းရင်းမုန့်များ ယူခဲ့ကြသည်မှာ စားမကုန်။ အမရပူရနံ့သာရွာမှ ကျောင်းနေဘက်သူငယ်ချင်း ဝင်းကို ကို ပြန်တွေ့ သည်။ မင်္ဂလာဒုံတွင် ဆေးစတိုကိုင်သော ဆရာ ကြီးဝင်းကိုအဖြစ် ပြန်ဆုံတွေ့သည်။ သူက နံနက် စာအပြင် ညအဆာပြေစားရန် မုန့်များမပြတ်အောင် တာဝန်ယူသည်။ ထမင်း၊ ဟင်းလည်း လိုလေသေး မရှိ စီစဉ်ပေးကြသည်။ ရက်ခြားလာသည့်သူမှာ ကကပ့်မှ ဆရာကြီးကျော်စိုးဦး ဖြစ်သည်။ သူ ကလည်း လိုသမျှ တာဝန်ယူပေးကြသည်။ ရန်ကုန် တွင်နေသော သူငယ်ချင်းအင်ဂျင်နီယာ ညီအကို ကိုဇော်နှင့်ကိုမော်တို့ကလည်း လိုလေသေးမရှိ ကူညီ ကြသည်။ မင်္ဂလာဒုံတွင် လအနည်းငယ်နေခဲ့သော် လည်း သူငယ်ချင်းများနှင့် နေ့စဉ်ဆုံ၊ ဖခင်ကိုပြုစု၊ ဆရာတော်ကို ပြုစုဖြင့် ရက်ပိုင်းမျှကြာသည် ထင် ရသည်။ မဖြေဖြစ်ပဲ ကြာနေသော တတိယနှစ် စာမေးပွဲဖြေရန် ရက်နီးလာပြီး ဖခင်မဆင်းလျှင် မဖြေတော့ဟု စိတ်လျှော့ထားသည်။ တပ်မတော် သူနာပြုအရာရှိလောင်း နန်းမာလာတို့အဖွဲ့ သူငယ်ချင်း များကဝိုင်း၍ ဖခင်အား တာဝန်ယူကြပြီး ညီငယ် လည်း အင်းစိန်စက်ခေါင်းရုံတွင် လက်တွေ့ဆင်းရင်း ဖခင်ထံလာပြုစုသဖြင့် စာမေးပွဲဖြေရန် ၂၀ရက်ခန့်အလို တွင် မန္တလေးမြို့သို့ ပြန်ရောက်ခဲ့သည်။

စာမေးပွဲဖြေမည်ဆိုသော်လည်း တစ်နှစ်ပတ် လုံး ကျောင်းလဲမတက်၊ ကျူတိုရီရယ်လည်းမဖြေ၊ ဆေးရုံတွင်သာ အချိန်ကုန်ခဲ့သည်။ ရထားပေါ်တွင် အိပ်၍မပျော်ခဲ့။ မန္တလေးရောက်ရောက်ခြင်း ဘူတာ မှဆင်း၍ တက္ကသိုလ်ထဲ တန်းသွားသည်။ ရုံးခန်း တွင် အတန်းအားမေး၍ စာသင်ခန်းသို့သွားသည်။ နောက်ဆုံးကျူတိုရီရယ် ဖြေသည်နှင့် ကြုံသည်။ နည်းပြဆရာနှစ်ဦးက စာအုပ်ဝေနေသည်။ နောက် ဆုံးတွင်ဝင်ထိုင်ရင်း စာအုပ်ဝေ၍ ပြီးသည်ကို စောင့် သည်။ စာအုပ်မရသေးသူ ရှိလားမေးသည့်အခါ ဆရာဖြစ်နေပြီဖြစ်သော သူငယ်ချင်းစောထွန်းနှင့် နိုင်ဦးကိုကြည့်ရင်း 'ရှိသေးတယ် ဟော့ကောင်တွေရ' ဟု နှုတ်မှယောင်၍ ထွက်သွားရာ ကျောင်းသား၊ ကျောင်းသူများနှင့် သူငယ်ချင်းဆရာနှစ်ယောက်က ချာကနဲလှည့်၍ ကျွန်တော့်အား အထူးအဆန်းသဖွယ် ကြည့်ကြသည်။ ပြီးမှ 'သူငယ်ချင်း' ဟုခေါ်ပြီး အနား သို့ လာကြသည်။ ဖြစ်စဉ်အတိုချုပ်ပြောပြရာ အေး အခု ဗလာစာအုပ်နဲ့ဖြေလိုက် ဆရာကြီးတွေ၊ ဆရာမ ကြီးတွေကို ကူပြောပေးမယ်ဟု ဝမ်းသာအားရပြော ပြီး ကျောင်းသားများကို ဒါဆရာတို့ သူငယ်ချင်းပဲ အခုတတိယနှစ်ကို ရန်ကုန်က လာဖြေရတာ။ အကူ အညီပေးကြအုံးဟုလည်း ပြောပေးသည်။ ထိုနေ့က မေးခွန်းမှာ မှတ်မှတ်ရရ သံဝရပျို့ထဲမှ ကောက်နုတ် ချက်ကို ဖြေခိုင်းသည်။ ဒုတိယနှစ်က သင်ခဲ့ဖူးသဖြင့် ရှေ့နောက်ဆီလျော်အောင် စဉ်းစား၍ ဖြေနိုင်ခဲ့သည်။ သို့သော် အကိုးအကားစာသားများ တစ်ပိုဒ်မျှ မထည့်နိုင်ခဲ့။ စာနှင့်ဝေးသည်မှာ ကြာပြီဖြစ်သည်။

အတန်းချိန်ပြီးလျှင် လက်ဖက်ရည်ဆိုင်သွား၍ ထမင်းစားရင်း၊ လက်ဖက်ရည်သောက်ရင်း စကား ပြောသည်။ နိုင်ဦးက မန္တလာဆောင်တွင် နေသည်။ ကျွန်တော်ကသူ့အဆောင်တွင် နေ့ခင်းရေချိုး နှစ်နာရီ၊ သုံးနာရီခန့်လောက်၊ ခွင့်တောင်းသည်။ တစ်ညလုံး ကျောင်းထဲတွင်သွား၍ စာကြည့်မည်ဟု ပြောခဲ့သည်။ နောက်နေ့တွင် ကျောင်းစာကြည့်တိုက် ရာဇက်ဟော သို့သွားသည်။ သူငယ်ချင်း၏အမ မမြစန်းအကူအညီ ဖြင့် သင်ရိုးနှင့်နွယ်သော စာအုပ်မှန်သမျှ ငှားသည်။ သူငယ်ချင်းနည်းပြနှစ်ယောက်က ပုံနှိပ်စာအုပ်ရှာ ပေးသည်။ နားမလည်သည်ကို သူငယ်ချင်းများက ရှင်းပြသည်။ ညနေစောင်းသည်နှင့် ရေချိုးပြီး ကျောင်းရှေ့ UTC တပ်ဈေးမှ ကောက်ညှင်းပေါင်း တစ်ထုပ်စား၍ ပင်မဆောင်ကြီး လှေကားထစ်တွင် ထိုင်၍ စာကြည့်သည်။ ညမှောင်လာတော့ မီးတိုင် အောက်ရွှေ့၍ စာကြည့်သည်။ ည ၁၁ နာရီခန့် တွင် လမ်းလျှောက်၍ လမ်းဆုံ BE ဆိုင်မှ အရက် တစ်ပိုင်းဝယ်သည်။ ရေဘူးထဲရေဖြည့်၍ ပင်မ ဆောင်လှေကားမှ အလင်းရောင်ရသည့် နေရာတွင် ထိုင်၍ စာပြန်ကြည့်သည်။ လေအဝေ့တွင် ကျောထဲ မှ စိမ့်ကနဲ စိမ့်ကနဲ အေးလာသည်။ ငှက်ဖျားပြန် ထချင်သလို ခံစားရသည်။ ထို့ကြောင့် ဆေးမြီးတို BE ဝယ်ရခြင်းဖြစ်သည်။ နည်းနည်းငုံ၍ ရေဖြင့် မျှောချရသည်။ အနည်းငယ်နွေးသွားသည်။ စာဆက် ကြည့်သည်။နံနက်လေးနာရီ အထိ စာကြည့်သည်။ ကျောင်းရှေ့ထွက်သည် ယူတီစီဈေးနားမှ လက်ဖက် ရည်ဆိုင်တွင် ထိုင်သည်။ ရေနွေးကြမ်းသောက်ရင်း လက်ဖက်ရည်အကြိုကျွေး ကြော်သည်ကို စောင့် သည်။ စားသောက်ပြီးသည်နှင့် အဆောင်သို့သွား သည်။ သူငယ်ချင်းက စာထဖတ်နေပြီဖြစ်သည်။ လာမအိပ်၍ပြောသည်။ ညနေပိုင်းသာ အိပ်မည်ဟု ပြော၍ ရေချိုးကြသည်။ စကားထိုင်ပြောရင် ညက ဖတ်ခဲ့သမျှ မရှင်းသည်ကို သူငယ်ချင်းကို မေးသည်။ ရှင်းပြသည်။ ဤသို့ဖြင့် အတန်းချိန်နီး၍ အတူသွား ကြသည်။ ရက်ပိုင်းခန့်သာမိသော အတန်းကို မပျက် မကွက်တက်သည်။ တစ်ညလုံး မီးတိုင်အောက်တွင် စာဖတ်သည်။ မနက် သူငယ်ချင်းကို စာမေးသည်။ သုံးရက်ခန့်တွင် နယ်မှလာဖြေသော သူငယ်ချင်း များနှင့်ဆုံသည်။ ကျွန်တော်နှင့်အတူ တစ်ညလုံး စာ လာကြည့်ကြသည်။ မီးတိုင်အောက်တွင် လူစည် ခဲ့သည်။ သောက်စရာလေးနှင့်ဆိုတော့ ပို၍မြိုင်ဆိုင် သည်။ စိတ်ဖိစီးမှု၊ လူပင်ပန်းမှုတို့ကြောင့် ငှက်ဖျား ပြန်ထသည်။ ကိုယ့်နည်းလမ်းဖြင့်လည်းဆေးသောက် သည်။ တက္ကသိုလ်ဆေးရုံကို အားကိုးရသည်။ တစ် ညလုံးစာကြည့်ရာတွင်မူ ဘီအီးတစ်လုံ့ အာမီတစ် လုံ့ ဆောင်ထားရသည်။ ဤသို့ဖြင့် တတိယနှစ် စာမေးပွဲကို ဓာတ်တိုင်အောက်တွင် တစ်ညလုံးစာ ကျက်ရင်း၊ ငှက်ဖျားတက်ရင်း၊ သောက်ရင်းဖြင့် ဖြေ ဆိုပြီးခဲ့သည်။ ထိုနှစ်တွင်စာမေးပွဲအောင်သည်။ သို့ သော် အောင်စာရင်းတွင်မပါ။ စာကြည့်တိုက်တွင် စာအုပ်မအပ်၍ဖြစ်သည်ကို ကျောင်းဖွင့်မှ စာအုပ်ပြန် အပ်ရသည်။

ရန်ကုန်မှ ညီငယ်က ဖုန်းဆက်သည်။ ဖခင် ဆေးရုံမှဆင်း၍ မော်လမြိုင်သို့ ပြန်ပို့ခဲ့ပြီဟုဆိုသည်။ စိတ်အေးသွားသည်။ စာမေးပွဲပြီးပြီးချင်း အလုပ် တစ်ခုရသည်။ မန္တလေးသာသနာ့တက္ကသိုလ်ကြီးကို ဆောက်လုပ်နေသော ဆောက်လုပ်ရေးအဖွဲ့တွင် ဖြစ် သည်။ မန္တလေးမြို့ပြဖွံ့ဖြိုးမှုစီမံကိန်း (M.C.D.P) စတင်နေချိန်ဖြစ်သည်။ ကျွန်တော်၏အကိုသဖွယ် ဦးအောင်မြင့်၏ ခေါ်ယူမှုဖြင့် ၂၆လမ်းနှင့် ၈၂လမ်း ထောင့် တပ်မတော်ကုန်တိုက် ဆောက်လုပ်ရေးမှ ၈၂လမ်းတစ်လျှောက် ဘိုနံဇာဟော်တယ်ထိ ဆောက် လုပ်ရေးတွင် လုပ်ကိုင်ရသည်။ ထိုရုံးတွင်ပင်နေ၍ အလုပ်လုပ်ရသည်။ ၂၇လမ်းနှင့် ၂၈လမ်းကြားရှိ တိုက်တန်း(ဆောက်လက်စ)အပေါ်ထပ်တွင် ရုံးခန်း ဖွဲ့ထား၍ လုပ်ငန်းများကို လုပ်ဆောင်ရသည်။ သာ သနာ့တက္ကသိုလ်နှင့်ပူးတွဲ၍ ဆောက်လုပ်နေခြင်းဖြစ် သည်။ ကျွန်တော်တို့၏ အင်ဂျင်နီယာမှူးကြီးမှာ ရန်ကုန်မြို့မှ ဆရာကြီးဦးဝင်းထိန်ဖြစ်သည်။ ထိုစဉ် က ဆရာကြီးမှာ နာမည်ကြီးလှသည်။ TV တွင်ပင် တွေ့ဆုံခန်း မကြာခဏလွှင့်ပေးသည်။ သာမန်စာရေး လေးဖြင့် ဝင်ရောက်လုပ်ကိုင်သော်လည်း M.D.D.P နို့ချက်စက်ရုံတွင် ၈၆/၈၇ခုနှစ်က လုပ်ခဲ့ဖူးသော အတွေ့အကြုံများကြောင့် လစ်ဟာသွားသော စတို၊ ငွေစာရင်း၊ ကြီးကြပ်အင်/ယာပိုင်းတို့တွင် နေရာစုံ လုပ်နိုင်သောကြောင့် ဆရာများက သဘောကျခဲ့ သည်။ တပ်မတော်ကုန်တိုက် ဆောက်လုပ်ရေးသို့ ထိုစဉ်က တိုင်းမှူးကြီး မကြာခဏ လာရောက်စစ်ဆေး သည်။ အင်/ယာများမအားလျှင် ကျွန်တော်က အခြေ အနေ ရှင်းပြရသည်။ တိုင်းမှူးကြီးအား ဧည့်ခံရသည်။ ထို့ကြောင့်ထောင့်စုံမှ ဝိုင်းကူလုပ်သဖြင့် လစာနည်း သော်လည်း သီးခြားမုန့်ဖိုးဖြင့် လောက်ငအောင် နေနိုင်ခဲ့သည်။ ရေစက်ပါသည်ဟု ဆိုရမည်။ မန္တလေးနေ့စဉ်သတင်းစာ ဖွင့်သည်မှစ၍ ပါဝင်ခဲ့ပြီး သတင်းစာတိုက်တွင် ခွဲမှူးတာဝန်အထိ ထမ်းဆောင် ခဲ့သော ဦးစိုးမျိုးအေးနှင့် ထိုစဉ်ကတည်းက တွေ့ခဲ့ ဖူးသည်။ နိုင်ငံရေးအခြေအနေအရ ညမထွက်ရ အမိန့် ထုတ်ပြန်ခဲ့ချိန်က ဦးစိုးမျိုးအေးသည် တပ်မ တော်မှ အရာရှိငယ်အဖြစ်ဖြင့် ဈေးချိုတော်အနီး လုံခြုံရေးယူခဲ့ဖူးသည်။ ကျွန်တော်လုပ်ကိုင်သော ဗမာအင်ဂျင်နီယာ ဆောက်လုပ်ရေးနှင့် အတိုင်ပင် ခံအဖွဲ့မှ အင်ဂျင်နီယာနှစ်ဦးသည် ညဘက်စားသောက် ဆိုင်သွားရင်း အချိန်လွန်သဖြင့် ဦးစိုးမျိုးအေးတို့ အဖွဲ့က ထိန်းသိမ်းထားခဲ့ရသည်။ သတင်းကြား သဖြင့် ည၁၁နာရီခန့်တွင် သွားရောက်၍ အကျိုး အကြောင်းပြော ခေါ်ထုတ်သည်။ ဦးစိုးမျိုးအေးက လာထုတ်တဲ့သူပါ ခေါ်ထားလိုက်ဟုဆိုသဖြင့် ရဲဘော် လေးက ဦးစိုးမျိုးအေးထံ ခေါ်သွားသည်။ ဗိုလ်စိုး မျိုးအေးနားတွင် ငယ်စဉ်ကတည်းက ကျောင်းနေ ဖက်ချင်း အမျိုးသားအရာခံဗိုလ်ကျော်အုပ် ရှိနေ သည်။ ကိုကျော်အုပ်က ဒါတပ်မှူးကားပျက်တုန်း ကနဲ့ တပ်ကိစ္စတွေ ကူညီပေးတဲ့ တံခွန်တိုင်က သူငယ်ချင်းလေဟု ရှင်းပြမှ ပြန်လွှတ်ပေးသည်။ ဆောက်လုပ်ရေးရုံးခန်းသို့ ပြန်လည်လိုက်ပို့ပေး ခဲ့ကြသည်။ နောင်တစ်ချိန်တွင် တစ်ချိန်တွင် တစ်ဌာနတည်း ပြန်ဆုံကြမည်ဟုထိုစဉ်ကမသိခဲ့ကြ။

နောက်ပိုင်းတွင် လုံခြုံရေးအဖွဲ့လာသမျှနှင့် အဆင် ပြေ၊ တိုင်းမှူးကြီး၏မှာကြားမှု၊ ကိုယ်တိုင်အပေါင်း အသင်းဆန့်မှုတို့ကြောင့် အဆင်ပြေပြေနေနိုင်ခဲ့ သည်။ မိမိ၏ ဆောက်လုပ်ရေးအဖွဲ့သားများ၏ ယုံကြည်မှုကိုလည်း ပိုမိုရခဲ့သည်။ Mandalay City Development Project ဗမာအင်ဂျင်နီယာ ၏ ဝန်ထမ်းကတ်ပြားအဟောင်းလေး ယခုတိုင် ရှိသေး သည်။ စီမံ/ကုန်ရုံမှူးဟု အမည်တပ်ထားသည်။ မော်လမြိုင်သို့လည်း မပြန်ဖြစ်။ ကျောင်းဖွင့်သော် အလုပ်ထဲမှနေ၍ အချိန်လု၍သွားရသည်။ မြို့ တကာ၊ နယ်တကာ၊ တောတကာစုံအောင် သွားခဲ့ နေခဲ့သော အကျိုးဆက်အဖြစ် ငှက်ဖျားကလည်း မကြာမကြာတက်သည်။ တပ်ထဲမှ သူငယ်ချင်းများ က ဆေးအဖြစ်သုံးရန် အာမီရမ်များ ဖာလိုက်ပို့ပေး ထားသည်။ နံနက်အိပ်ယာထသည်နှင့် ညစောင့် လင်မယားက ကျွန်တော်အဆင်သင့်ထည့်ထားသော ထမင်းအိုးကိုလာယူ၍ ချက်ပေးသည်။ ထမင်းက ညမနက်စာဆန်တစ်ဗူးခွဲနှင့် ကြက်ဥသုံးလုံးကို ထမင်းချက်ရင်း ထည့်ပြုပ်ပေးထားကြသည်။ နံနက်၊ နေ့လည်၊ ညစာအတွက် ၂၇လမ်း ချစ်တီး ထမင်းဆိုင်မှ သီးစုံကုလားပဲတစ်ပွဲ ဝယ်ထားလျှင် ကြက်ဥပြုပ်သုံးလုံးနှင့် တစ်ရက်စာပြီးသွားခဲ့သည် က များသည်။ တစ်ခါတစ်လေ အပြောင်းအလဲ အဖြစ် ဈေးချိုအလယ်ပေါက်မှ မာမူကြီး၏ ဆိတ် သားဆမူဆာသုပ်ဖြင့် စားသည်ကများသည်။

ကျောင်းပြန်ဖွင့်သောအခါ တောထဲမှ ပြန်လာ သော သူငယ်ချင်းလှသူ ရောက်လာသည်။ နိုင်ငံ တော်က စေတနာအပြည့်ဖြင့် ကျောင်းပြန်တက်ခွင့် ပြုသည်။ ကျွန်တော်နှင့်အတူ အလုပ်လုပ်ရင်း ကျောင်းတက်ရန် ခေါ်ထားသည်။ ကျွန်တော်က သူငယ်ချင်းလှသူကို တာဝန်ခံရသည်။ တစ်ပတ် လျှင်တစ်ကြိမ် ကျွန်တော်ကိုယ်တိုင် သူငယ်ချင်းကို ခေါ်၍ ထောက်လှမ်းရေးထံ သတင်းပို့ပေးရသည်။ ကျောင်းတက်ရင်းအလုပ်လုပ်ရသည်မှာ ပင်ပန်းလှ သည်။ ငှက်ဖျားနှိပ်စက်သဖြင့် ပိုပင်ပန်းသည်။ ရုံးတာဝန်၊ စတိုတာဝန်၊ ငွေကြေးထိန်းသိမ်းရမှုတို့ ကြောင့် ကျောင်းမှန်မှန်မတက်နိုင်ခဲ့။ အလုပ်အပေါ် စေတနာထား၍ နေရာစုံ ထောင့်စုံမှ တာဝန်ထမ်း ဆောင်ပေးသည့်အပြင် သူငယ်ချင်း၏ ကျောင်းနေ ရေးကိုပါ တာဝန်ယူပေးခဲ့ရသည်။

(ဆက်လက်ဖော်ပြပါမည်။)

နိုင်ဗလ

## ကော်ဖီကို သင့်တင့်မျှတစွာရုံသောက်သုံးသူများဆီးချိုနှင့် နှလုံးရောဂါဖြစ်ပွားနိုင်ခြေလျော့နည်း

ကော်ဖီတွင် အဓိကပါဝင်သော ကဖိန်းဓာတ်က ဦးနှောက်ထဲရှိ မောပန်းစေသော အာရုံကြောအချက်ပြစနစ်ကို ပိတ်လိုက်သဖြင့် ကော်ဖီသောက်လျှင် လန်းဆန်းတက်ကြွလာပြီး အားအင်ပြည့်ဝလာသလိုခံစားရသည်။ ထိုကဖိန်းဓာတ်ကြောင့် ဇီဝကမ္မဖြစ်စဉ်များလည်း မြန်လာကာ အဆီများကို လောင်ကျွမ်းစေနိုင်သည်။

ကော်ဖီသောက်ခြင်းနှင့်ပတ်သက်၍ တရုတ်နိုင်ငံ၊ ဆူကျိုးမြို့ရှိ ဆူချောင်ကတက္ကသိုလ်လက်အောက်ခံ ဆုကျိုးဆေးဖက်



ဆိုင်ရာကောလိပ်မှ ချောင်းဖူကဲဦးဆောင်သော သုတေသီတစ်စု မကြာသေးမီက သုတေသနပြုလေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာမှ ကော်ဖီကို တစ်ရက်လျှင် သုံးခွက်သင့်တင့်မျှတရုံသောက်သုံးသူများ ဆီးချိုနှင့် နှလုံးရောဂါဖြစ်ပွားနိုင်ခြေလျော့နည်းကြောင်း ဖော်ထုတ်တင်ပြနိုင်ခဲ့သည်။

ထိုသုတေသီများအနေဖြင့် ဗြိတိန်နိုင်ငံရှိ အသက် ၃၇ မှ ၇၃ နှစ်အရွယ် လူပေါင်း ၅၀၀၀၀၀ တို့၏ ကော်ဖီသောက်သုံးမှုနှင့် ကျန်းမာရေးဘဝဆက်စပ်နေပုံကို အခြေခံပြီး သုတေသနပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (SCI)



## Wu Lei နှင့် Lu han တို့၏ Cross Fire ဂိမ်းအကြောင်းပြသထား

တရုတ်အနုပညာရှင် Wu Lei နှင့် EXO အဖွဲ့ဝင်ဟောင်း တရုတ်အဆိုတော်၊ သရုပ်ဆောင် Lu han တို့ ပါဝင်ထားသည့် Cross Fire မှာ စိတ်လှုပ်ရှားဖွယ်ဂိမ်းအကြောင်း ပြသထားသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် Wu Lei နှင့် Lu han တို့ Cross Fire ဂိမ်းမှတစ်ဆင့် Time & Space ကို ကျော်လွန်ကာ ဆုံခဲ့ကြပြီး Wu Lei က e sport team ကပွဲတိန်ကို မပြိုကွဲအောင် ကြိုးစားနေသည့် 2008 လူသားဖြစ်သည်။

Lu han က ဂိမ်းလောကတွင် ထူးချွန်သူဖြစ်ပြီး မတော်တဆမှုကြောင့် လမ်းမလျှောက်နိုင်၍ ဗိုးချဲပေါ်နေရသူဖြစ်ကာ နှစ်ဦးသား ဂိမ်းထဲတွင် Radio Signal မှတစ်ဆင့် ဆက်သွယ်၍ အချင်းချင်းပံ့ပိုးမှုများ ပြုလုပ်ပေးခဲ့ကြပြီး အခက်အခဲများစွာကို ကျော်ဖြတ်ခဲ့ကြကာ အိပ်မက်ကို အကောင်အထည်ဖော်ကြပုံကို ရိုက်ကူးထားသည်။ (SKY)

## နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Sebastian Stan ၏ A Different Man မှာ ရှားပါးရောဂါအကြောင်း ပြသထား

စိတ်ပညာဇာတ်ကား A Different Man တွင် ဆီဗက်စတင်စတန်းနှင့် ရှားပါးရောဂါရှင်တို့အတူ ပါဝင်ထားပြီး ရှားပါးရောဂါအကြောင်း ရိုက်ကူးထားသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်ကို အေတွမ်တီပိုးက ထုတ်လုပ်ထားပြီး မျက်နှာပေါ်တွင် လုံးအကျိတ်များဖြစ်သော မျိုးရိုးဗီဇရောဂါဖြင့် မွေးဖွားလာသူတစ်ဦး၊ ငယ်စဉ်ကတည်းက အနိုင်ကျင့်ခံရ၍ လူအများ ခွဲခြားခြင်းမှ လွတ်မြောက်ရန် ပလတ်စတစ်ဆာဂျရီလုပ်ခဲ့ပြီး မျက်နှာသစ်နှင့် ပျော်ရွှင်နေရာမှ ထိတ်လန့်စရာအရာတစ်ခု ရောက်ရှိလာသည်။

မျက်နှာအဟောင်းနှင့် အတိအကျတူသူ လူတစ်ဦးပေါ်လာပြီး သူ့ပတ်ဝန်းကျင်နှင့် သူ့အလုပ်တွင်ပါ ဝင်ရောက်ခဲ့ရာမှ ဆိုက်ကို ဇာတ်လမ်းတွဲအဖြစ် ဖန်တီးထားကာ အပြင်မှ ရှားပါးရောဂါဖြင့် မွေးဖွားခဲ့သူပါ ပါဝင်သရုပ်ဆောင်ထား၍ စိတ်ဝင်စားစရာဇာတ်ကားဖြစ်ခဲ့သည်။ (SKY)







## Civil War စကားပြောသော ပုံရိပ်များကို ပြသထား

၂၀၂၄ ခုနှစ်တွင် ထွက်ရှိလာသည့် Civil War ရုပ်ရှင်မှာ သတင်းမီဒီယာများ၏ မြင်ကွင်းမှ ရိုက်ကွင်းတင်ပြထားသည့် စကားပြောသော ပုံရိပ်များကို ရှားရှားပါးပါးတင်ပြထားသည့် ကားဖြစ်သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ခေတ်သစ်အမေရိကန်ပြည်ထောင်စုတွင် တစ်နှစ်နီးပါးတောက်လောင်ခဲ့သည့် ပဋိပက္ခအကြောင်းကို သတင်းထောက်များ ကြုံတွေ့ရသည့် ရှုထောင့်မှ ရိုက်ကူးတင်ပြထားသည့် ရုပ်ရှင်ဖြစ်သည်။

'နှုတ်တစ်ရာ စာတစ်လုံး' ဆိုရိုးထက် ဓာတ်ပုံတစ်ပုံမှာ စကားလုံးသာမက သမိုင်းဝင်ဖြစ်ရပ်များကို မှတ်တမ်းတင်နိုင်ရုံမက ကမ္ဘာကိုပင် ကိုင်လှုပ်နိုင်စွမ်းရှိခဲ့သည်။ 'စကားပြောသော ပုံရိပ်'များကို ရိုက်ကူးထားရာ ကင်မရာနောက်ကွယ်မှ လူများအကြောင်း တင်ပြထားသည်။

ဓာတ်ပုံတစ်ပုံရိုက်ကူးရန် မည်သို့ရိုက်ကူးခဲ့ပြီး ရိုက်ကူးနေစဉ် စိတ်ထဲမည်သို့ရှိမည်။ ဓာတ်ပုံတစ်ပုံရရန် မည်သည်တို့ပေးဆပ်ခဲ့ရသည့် ဓာတ်ပုံရိုက်ကူးသူ ဝါရင့်သတင်းထောက် ဓာတ်ပုံဆရာမလေးအကြောင်း မြင်တွေ့ကြရသည်။ (SKY)

## Rapper Choi Seung Hyun @ Top က ကမ္ဘာပေါ်မှ သူ့အတွက် တစ်နေရာကို ရှာဖွေခဲ့

ဘစ်ဘန်းအဖွဲ့ဝင်ဟောင်း တော့ပ်(ခေါ်)ချိုင်ဆီဟွမ်က ကမ္ဘာပေါ်မှ သူ့အတွက် တစ်နေရာဘယ်မှာလဲဆိုသော မေးခွန်းကို အကြိမ်ကြိမ်မေး၍ ရက်ပ်စာသားများကို နှလုံးသားနှင့်ခံစားရွတ်ဆိုရှာဖွေခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



တော့ပ်သည် သူကိုယ်တိုင်နားခိုနိုင်ရန်အတွက် သူ၏ခြားနားမှုကို ရှာဖွေခဲ့ရာ ၂၀၀၆ ခုနှစ် အသက် ၂၀ နှင့် သူ့အိပ်မက်အဆိုတော်ဖြစ်ရန် ပညာရေးကို စွန့်လွှတ်ခဲ့သည်။

အချိုးအစားကျသော ခန္ဓာကိုယ်နှင့်ချောမောခံ့ညားမှုရှိကာ Underground တွင် လေးနှစ်ကျော် ကျင်လည်ရင်း ရေဒီယိုရှိုးတွင် ရက်ပ်ပါဆုရပြီး ဘစ်ဘန်းအဖွဲ့မှ လိုအပ်သူဖြစ်၍ ဂျီဒရယ်ဂွန်နှင့်လိုက်ဖက်မှုရှိသည်ဟု ဝိုင်ဂျီတည်ထောင်သူ ယန်ဟွတ်ဆစ်က မှတ်ချက်ပေးခဲ့သည်။

တော့ပ်သည် အဖွဲ့တွင် စိတ်ခွန်အားပေးသူ၊ နားလည်သူအဖွဲ့ဝင်များပျော်ရွှင်အောင် လုပ်ပေးသူဖြစ်ကာ အကပိုင်းတွင် အားနည်းပြီး အဆူအငေါက်ခံရ၍ နာကျင်ခံစားသင်ကြားမှုကြားမှ ကျော်ဖြတ်ခဲ့ကာ သူရွေးချယ်ခဲ့သည့်လမ်းကို နောင်တရခြင်းမရှိ လျှောက်လှမ်းရင်း ကိုယ့်ကိုယ်ကို ရှာဖွေခဲ့သူဖြစ်သည်။ (SKY)

## Clint Eastwood က ဇိမ်ခံခြင်းနှင့်ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုပြထား

အသက် ၉၄ နှစ်ရှိပြီဖြစ်သည့် ဟောလိဝုဒ်နာမည်ကြီး သရုပ်ဆောင်ကလစ်အိပ်စ်ဝုဒ်က ဇိမ်ခံခြင်းနှင့်ပတ်သက်၍ သူ့ဘဝအတွေ့အကြုံများကို အဓိပ္ပာယ်ဖွင့်ဆိုပြထားပြီး ဝေမျှထားသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဟောလိဝုဒ်စတားကြီးက ဇိမ်ခံခြင်းနှင့်ပတ်သက်၍ လက်ပတ်နာရီ(သို့မဟုတ်)လက်ဝတ်တန်ဆာများတွင် ဇိမ်ခံစရာများကို မရှာဖွေပါနှင့် ပိုင်ဆိုင်ထားသော စည်းစိမ်ဥစ္စာပစ္စည်းစသော ရုပ်ဝတ္ထုများတွင်လည်း ဇိမ်ခံစရာများကို မရှာဖွေပါနှင့် ဇိမ်ခံစရာဆိုသည်မှာ ရယ်မောခြင်းနှင့် သူငယ်ချင်းများသာဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

'ဇိမ်ခံစရာဆိုသည်မှာ သင့်မျက်နှာပေါ်မှ မိုးရေစက်များပါ။ ဇိမ်ခံစရာဆိုသည်မှာ ပွေ့ဖက်ခြင်း၊ နမ်းရှုံ့ခြင်းပါပဲ။ ဇိမ်ခံစရာကို ဈေးဆိုင်များတွင် မရှာပါနှင့် လက်ဆောင်ပစ္စည်းများတွင် လိုက်မရှာပါနှင့်၊ ပါတီပွဲများ၊ ပွဲအခမ်းအနားများတွင် မရှာပါနှင့် လူတို့၏ချစ်ခြင်းကိုခံရခြင်း၊ လူအများလေးစားမှုကို ခံရခြင်း၊ မိဘများအသက်ရှင်လျက်ရှိခြင်းတို့ဖြစ်ပြီး ငွေနှင့်ဝယ်၍ မရသောအရာဖြစ်'ဟု ပြောခဲ့သည်။ (SKY)



## Rose က Pachinko အမေရိကန်ဒရမ်မာ ဇာတ်ကား ဇာတ်ဝင်တေးသီဆိုထား

ဘလက်ပင့်ခ်အဖွဲ့ဝင် ရိုစ်သည် အမေရိကန်ဒရမ်မာဇာတ်ကား Pacino Ko ၏ ဇာတ်ဝင်တေးကို သီဆိုပေးထားသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ရိုစ်သည် အသံပါပါအားကောင်း၍ အမြင့်သံပိုင်နိုင်သူဖြစ်ရာ အဆိုပါဇာတ်ကား၏ ဇာတ်ဝင်တေးကို သီဆိုပေးထားသည်ဟု အက်ပါတီဗွီထုတ်လုပ်သူက သတင်းကြေညာပေးခဲ့သည်။



ရိုစ်သည် တစ်ကိုယ်တော်ဂီတပွဲများ ပြုလုပ်နေပြီး Coldplay ၏ Vivala Vida ကိုလည်း ပြန်လည်သီဆိုထားသည်ကို တွေ့ရသည်။

နိုင်ငံတကာ ကုန်အမှတ်တံဆိပ်သံတမန်တစ်ဦးလည်းဖြစ်သည့် ရိုစ်သည် ၂၀၂၅ ခုနှစ်တွင် ဘလက်ပင့်ခ်အဖွဲ့နှင့် ပြန်လာကာ Meg World tour လုပ်ဖို့ရှိသည်။ (SKY)

## ၁၁ ရက်ကြာ သပိတ်မှောက်ခဲ့သော အလုပ်သမားများကို ဆမ်ဆောင်းကုမ္ပဏီ အိန္ဒိယရုံးခွဲက တရားစွဲဆိုထား




**ဒေလီ စက်တင်ဘာ ၂၀**

စက်တင်ဘာလဆန်းပိုင်းက အိန္ဒိယနိုင်ငံတောင်ပိုင်း တမီးလ်နာဒူးပြည်နယ်ရှိ ဆမ်ဆောင်းစက်ရုံတွင် အလုပ်သမားများ လုပ်ခတိုးမြင့်ရရှိရေးအတွက် ၁၁ ရက်ကြာမျှ သပိတ်မှောက် တောင်းဆိုခဲ့ကြသည်။

ထိုအလုပ်သမားသပိတ်ကို ဦးဆောင်ခဲ့သူများမှာ အိန္ဒိယ အလုပ်သမားသမဂ္ဂဝင်များဖြစ်ရာ ၎င်းတို့ကို ယင်းကုမ္ပဏီက ပြည်နယ်တရားရုံး၌ အမှုဖွင့်တရားစွဲဆိုထားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ချင်နိုင်းမြို့အနီးရှိ ဆမ်ဆောင်းစက်ရုံမှ အလုပ်သမားရာနှင့်ချီ၍ သပိတ်မှောက်အောင် သွေးထိုးလှုံ့ဆော်ခဲ့သော အလုပ်သမားသမဂ္ဂဝင်များအနေဖြင့် မိမိတို့စက်ရုံ၏ ပုံမှန်ကုန်ထုတ်လုပ်မှု ထိခိုက်ပျက်ပြားအောင် ရည်ရွယ်လုပ်ဆောင်ခဲ့ကြောင်း ဆမ်ဆောင်းကုမ္ပဏီက စာမျက်နှာ ၁၄ မျက်နှာရှိသော စွဲဆိုချက်ဖြင့် ပြည်နယ်တရားရုံးတွင် တိုင်တန်းခဲ့သည်။

တောင်ကိုရီးယားအခြေစိုက် ဆမ်ဆောင်းကုမ္ပဏီသည် အိန္ဒိယနိုင်ငံအတွက် နှစ်စဉ် အမေရိကန်ဒေါ်လာ ဘီလီယံနှင့်ချီ၍ အခွန်ပေးဆောင်နေသော ကုမ္ပဏီဖြစ်ကြောင်း သိရသည်။

**Mon**

## ဆော်ဒီအာရေဗျနိုင်ငံ ပင်လယ်နီမြို့သစ်တွင် ကမ္ဘာ့အကြီးဆုံး နေစွမ်းအင်ဓာတ်အားပေးရုံ မိတ်ဆက်



**ရီယာ့ဒ် စက်တင်ဘာ ၂၀**

ဆော်ဒီအာရေဗျနိုင်ငံ ပင်လယ်နီမြို့သစ်တွင် ကမ္ဘာ့အကြီးဆုံး နေစွမ်းအင်ဓာတ်အားပေးရုံ မကြာသေးမီက မိတ်ဆက်ခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

တရုတ်အခြေစိုက် ဟွာဝေး ကုမ္ပဏီလက်အောက်ခံ ဟွာဝေး ဒီဂျစ်တယ်ဓာတ်အားကုမ္ပဏီက အဆိုပါ နေစွမ်းအင်ဓာတ်အားပေးရုံကို တာဝန်ယူ တည်ဆောက်ပေးခဲ့ခြင်း ဖြစ်သည်။

ယင်းဓာတ်အားပေးရုံမှ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၄၀၀ ပေးနိုင်ပြီး စုစုပေါင်းဓာတ်အားပမာဏ ၁ ဒသမ ၃ ဂစ်ဂါဝပ်အထိ စုဆောင်းထားပေးနိုင်မည်ဟု ဆိုသည်။

အခြားလျှပ်စစ်ဓာတ်အားလိုင်းများနှင့် ချိတ်ဆက်ထားခြင်းမရှိဘဲ နေရောင်ခြည်တစ်မျိုးတည်းမှ စုဆောင်းရရှိသော လျှပ်စစ်ဓာတ်အားကို ဖြန့်ဖြူးပေးနေသည်မှာ တစ်နှစ်ကြာပြီဖြစ်ကြောင်း ဟွာဝေးကုမ္ပဏီက အတည်ပြု ကြေညာသည်။

ဆော်ဒီအာရေဗျနိုင်ငံ တာဘွတ်ပြည်နယ်ရှိ ပင်လယ်နီမြို့သစ်ကို ၂၀၃၀ ပြည့်နှစ် အနာဂတ်စီမံကိန်းမြို့အဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

## လွန်ခဲ့သော နှစ်ပေါင်း ၂၀၀ က စာ၏လမ်းညွှန်ချက်ဖြင့် နှစ် ၂၀၀၀ သက်တမ်းရှိသော မြေထည်များ တူးဖော်တွေ့ရှိ



**ပဲရစ် စက်တင်ဘာ ၂၀**

ပြင်သစ်နိုင်ငံမြောက်ပိုင်းမှ စေတနာ့ဝန်ထမ်း ကျောင်းသားအဖွဲ့တစ်ဖွဲ့သည် ရှေးဟောင်းပစ္စည်းများတူးဖော်ရာတွင် လုပ်အားပေးလျက်ရှိရာမှ လွန်ခဲ့သော နှစ်ပေါင်း ၂၀၀ က စာလိပ်ကလေးတစ်ခုကို ဖန်ပုလင်းလေးတစ်လုံးထဲမှ ရရှိခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ကြိုးဖြင့် ချည်ထားသော စာလိပ်ကို ထည့်ပြီး မြေမြှုပ်ခဲ့သည့် လေးလက်မခန့်သာမြင့်သော ထိုဖန်ပုလင်းလေးကို တူးဖော်ရရှိသော နေရာအနီးတွင် ဆက်လက် တူးဖော်ရှာဖွေရန် ထိုစာက လမ်းညွှန်ထားသဖြင့် ၎င်းတို့ ဆက်လက်တူးဖော်ခဲ့ကြသည်။

ယင်းကဲ့သို့ တူးဖော်ကြည့်ရာမှ နှစ် ၂၀၀၀ သက်တမ်းရှိသော မြေထည်များတွေ့ရှိခဲ့ကြောင်း ဘလွန်ဒဲလ်ဆိုသူက ရှင်းပြသည်။

ပြင်သစ်နိုင်ငံတွင် ရှေးအခါက အိမ်ဆောက်သော လက်သမားများအနေဖြင့် ဖန်ပုလင်းလေးများထဲ၌ စာလိပ်ကလေးများထည့်ပြီး အိမ်ဆောက်လုပ်ပြီးစီးမှုမှတ်တမ်းကို ရေးသားလေ့ရှိခဲ့ဖူးသည်။

ယခုတွေ့ခဲ့သောစာမှာမူ တူးဖော်ရှာဖွေရမည့်နေရာကို ညွှန်ပြထားသဖြင့် တစ်မူထူးခြားနေသည်ဟု ပြင်သစ်ရှေးဟောင်းသုတေသီအချို့က ထောက်ပြကြောင်း သိရသည်။ **Mon**



ကလေးလိင်အကြမ်းဖက်မှုများနှင့်ပတ်သက်၍ အဓိကသံသယရှိသူ ဂျီအိုင်အက်စ်ဘီအဖွဲ့အစည်းမှ အဖွဲ့ဝင် သုံးဦးကို မလေးရှားတော်ဝင်ရဲအရာရှိများ စက်တင်ဘာ ၁၉ ရက်က ဆေရင်မ်ဘန်မြို့၌ ဖမ်းဆီးခေါ်ဆောင်လာစဉ်။ **Mon**

## တောမီးရှို့ခဲ့သည်ဟု သံသယရှိသူများကို ပေါ်တူဂီရဲတပ်ဖွဲ့က ဖမ်းဆီးစစ်ဆေးလျက်ရှိ



**လစ္စဘွန်း စက်တင်ဘာ ၂၀**

တောမီးရှို့ခဲ့သည်ဟု သံသယရှိသူ ၁၄ ဦးကို ပေါ်တူဂီရဲတပ်ဖွဲ့က ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

တောမီးလောင်စေရန် မီးရှို့မှုများရှိသည်ဟု သံသယဖြစ်ဖွယ်ရှိသော သဲလွန်စများကို ပေါ်တူဂီမီးသတ်တပ်ဖွဲ့က ဖော်ထုတ်ခဲ့သည်။

မီးရှို့မှုကျူးလွန်သူများကို အမြန်ဆုံးရှာဖွေဖော်ထုတ်ကာ ထိရောက်စွာ အပြစ်ပေးရန် ဝန်ကြီးချုပ် လွှစ်မွန်တီနီဂရိုးက ညွှန်ကြားပြီးနောက် ထိုသံသယရှိသူများကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0




## လက်ဘနွန်၌ ပေါက်ကွဲခဲ့သော စကားပြောစက်များကို ၁၀ နှစ်ခန့်ကတည်းက ထုတ်လုပ်မှုရပ်တန့်ခဲ့ပြီးဖြစ်



**တိုကျို စက်တင်ဘာ ၂၀**

မကြာသေးမီက လက်ဘနွန်နိုင်ငံ၌ ပေါက်ကွဲခဲ့သော ကြိုးမဲ့စကားပြောစက်များကို လွန်ခဲ့သည့် ၁၀ နှစ်ခန့်ကတည်းက ထုတ်လုပ်မှုရပ်တန့်ခဲ့ပြီးဖြစ်သည်ဟု ဂျပန်အခြေစိုက် အိုင်ကွမ်ကုမ္ပဏီက အတည်ပြုကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

လက်ဘနွန်နိုင်ငံ အနှံ့အပြားတွင် ဟစ်ဇဘိုလာပြောက်ကျားလက်နက်ကိုင်များ ကိုင်ဆောင်အသုံးပြုသော ကြိုးမဲ့စကားပြောစက်များ ပေါက်ကွဲခဲ့ရာမှ လူ ၂၀ ဦး သေဆုံးပြီး ၄၅၀ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့သည်။

ထိုသို့ လူသေဆုံး ဒဏ်ရာရသည်အထိ ရုတ်တရက်ပေါက်ကွဲခဲ့သော အိုင်စီဗွီ ၈၂ ကြိုးမဲ့စကားပြောစက်များကို မိမိတို့အနေဖြင့် ထုတ်လုပ်ခြင်း၊ တင်ပို့ရောင်းချခြင်း မပြုတော့သည်မှာ ၁၀ နှစ်ကြာပြီဖြစ်ကြောင်း အိုဆာကာမြို့တွင် အခြေစိုက်သော အဆိုပါကုမ္ပဏီက အတည်ပြုသည်။

ဟစ်ဇဘိုလာပြောက်ကျားများ ကိုင်ဆောင်အသုံးပြုခဲ့သော စာတိုဖြင့် ဆက်သွယ်ရသော ပေဂျာများလည်း တစ်ပြိုင်နက်တည်းတွင် ပေါက်ကွဲခဲ့ကြောင်း သိရသည်။ **Mon**

## အီတလီမြောက်ပိုင်းအထိ ရေဘေးသင့်ခဲ့ပြီးနောက် သန်းတစ်သောင်းထောက်ပံ့ရန် အီးယူဥက္ကဋ္ဌ တောင်းဆို

**ဝါဆော စက်တင်ဘာ ၂၀**

ဘိုးရစ်မုန်တိုင်းဒဏ်ကြောင့် ဥရောပအရှေ့တစ်ခွင် အီတလီမြောက်ပိုင်းအထိ ရေဘေးသင့်ခဲ့ပြီးနောက် ယူရိုသန်းတစ်သောင်းထောက်ပံ့ရန် အီးယူဥက္ကဋ္ဌ အာဆူလာဗွန်ဒါလေယင်က စက်တင်ဘာ ၁၉ ရက်တွင် တောင်းဆိုလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၎င်းကိုယ်တိုင် ပိုလန်နိုင်ငံအရှေ့တောင်ပိုင်းသို့ သွားရောက်ကာ ပိုလန်၊ ဩစတြီးယား၊ ချက်နှင့် ဆလိုဗေးကီးယားနိုင်ငံတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံပြီးနောက် ရေဘေးသင့်သူများနှင့် ထိခိုက်ပျက်စီးသော သမိုင်းဝင်အဆောက်အအုံများကို ပြုပြင်တည်ဆောက်ရာတွင် ဥရောပသမဂ္ဂဘက်မှ ထောက်ပံ့ကူညီရန် ၎င်းက တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**



# မိတ္ထီလာမြို့ (၁၄၁)ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်နှင့် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့(၁၄၁)ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်တွင် ထည့်သွင်းကျင်းပသည့် မြန်မာ့ရိုးရာ လောင်းလှေပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ညနေ ၄ နာရီက အဆိုပါ စေတီတော်အနီးကန်ရေပြင်နှင့် မုခ်ဦးအနီးတွင် ကျင်းပခဲ့သည်။



အခမ်းအနားတွင် ဦးစွာ ဗိုလ်လုပွဲကို ကျင်းပရာ အမျိုးသမီးပြိုင်ပွဲတွင် ဝါးတန်းအောင်ခန့်အသင်းအား ဗိုလ်ကံသန်းစောအသင်းကလည်းကောင်း၊ အမျိုးသားအငယ်တန်းပြိုင်ပွဲတွင် အောင်စည်သာအသင်းအား ကောင်းပြည့်မောင်မောင် အသင်းကလည်းကောင်း၊ အမျိုးသားအကြီးတန်းပြိုင်ပွဲတွင် ဝါးတန်းအောင်ခန့်(က)အသင်းအား ဇာတိသွေးအသင်းကလည်းကောင်း အသီးသီးအနိုင်ရ ဗိုလ်စွဲခဲ့သည်။ ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ အမျိုးသမီးပြိုင်ပွဲ ပထမဆု ဗိုလ်ကံသန်းစော၊ ဒုတိယဆု ဝါးတန်းအောင်ခန့်၊ အမျိုးသားအငယ်တန်းပြိုင်ပွဲ ပထမဆု ကောင်းပြည့်မောင်မောင်၊ ဒုတိယဆု အောင်စည်သာ၊ တတိယဆု ရွှေခြံမောင်၊ အမျိုးသားအကြီးတန်းပြိုင်ပွဲ ပထမဆု ဇာတိသွေး၊ ဒုတိယဆု ဝါးတန်းအောင်ခန့်(က)၊ တတိယဆု စတားမောင်မောင်အသင်းများ၏ ပြိုင်ပွဲဝင်အားကစားသမားများထံသို့ ဆုကလပ်နှင့် ဂုဏ်ပြုဆုငွေများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးနှင့် အဖွဲ့ဝင်များ ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့်အဖွဲ့ဝင်များ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ အဆိုပါပြိုင်ပွဲအား စက်တင်ဘာလ ၁၁ ရက်နေ့မှ ၁၈ ရက်နေ့အထိကျင်းပခဲ့ပြီး အမျိုးသမီးပြိုင်ပွဲဝင် ၅ သင်း၊ အကြီးတန်းပြိုင်ပွဲဝင် ၆ သင်းနှင့် အငယ်တန်းပြိုင်ပွဲဝင် ၂၀ သင်း စုစုပေါင်းပြိုင်ပွဲဝင်လှေအသင်း ၃၁ သင်းပါဝင် ယှဉ်ပြိုင်ခဲ့ပြီး လှေပြိုင်ပွဲအား လာရောက်ကြည့်ရှုသူများက စည်ကားသိုက်မြိုက်စွာ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(၄၅၃)

၀-၀-၀-၀-၀

# အသိပညာပေး ဟောပြောပွဲကျင်းပ

**မန္တလေး စက်တင်ဘာ ၂၀**

အခြေခံပညာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး သုံးစွဲမှု ပပျောက်ရေးအသင်း (ဗဟို-မန္တလေး)(AEDA-mdy) တို့ပူးပေါင်းကျင်းပသော မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၈ရက် နံနက်ပိုင်းက မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၃၀) အခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီးကိုယ်စား ဆရာမဒေါ်ခင်ဝင်းရွှေက အဖွင့်အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်က ဟောပြောပွဲ ကျင်းပရမည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီးအသင်းအလုပ်အမှုဆောင် ဦးဝင်းမင်းလှိုင်က မူးယစ်သမိုင်းကြောင်းကိုလည်းကောင်း၊ အသင်းအတွင်းရေးမှူး ဦးမြင့်သန်းက မူးယစ်ဆေးဝါး အမျိုးအစားနှင့်ဆိုးကျိုးအန္တရာယ်ကိုလည်းကောင်း အသိပညာပေး ဟောပြောကြပြီး တက်ရောက်လာသူ ကျောင်းသား၊ ကျောင်းသူများအား အသင်းတွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ဦးက မေးခွန်းများ မေးမြန်းပြီး ဖြေဆိုသူများအား အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆုလက်ဆောင်ပစ္စည်းများ ချီးမြှင့်ပေးအပ်ခဲ့သည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများက မူးယစ်ဆေးဝါး မသုံးစွဲရန် သန္နိဋ္ဌာန် ရွတ်ဆိုကြကြောင်း သိရသည်။

(၀၇၀)

# နွားထိုးကြီးမြို့နယ်တွင် ကျေးရွာများမှ အဖိုးတန်ပစ္စည်းများနှင့် စားနပ်ရိက္ခာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လုယက်ယူဆောင်သွားကြောင်း မဟုတ်မမှန်လုပ်ကြံရေးသားလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ဝက်လူးကျေးရွာတွင် စက်တင်ဘာ ၁၈ ရက်က ကျေးရွာအတွင်း နေအိမ်များမှပစ္စည်းများနှင့် ကားလမ်းမကြီးတစ်လျှောက်ရှိ ကုန်စုံဆိုင်၊ ဖုန်းဆိုင်များမှ ပစ္စည်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လုယက်ယူဆောင်နေကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ စက်တင်ဘာ ၁၇ ရက်က နွားထိုးကြီးမြို့နယ် ဝက်လူးကျေးရွာကို PDF အမည်ခံ အကြမ်းဖက်သမားက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများ ထိခိုက်သေဆုံးများစွာဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ ထို့နောက် စက်တင်ဘာ ၁၈ ရက်တွင်လည်း ဝက်လူးကျေးရွာကို လက်နက်ကြီးများဖြင့် ထပ်မံပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် နေအိမ်များ ထိခိုက်ပျက်စီးခဲ့ရကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေအိမ်များမှ ပစ္စည်းများကို လုယက်ယူဆောင်ခြင်း မရှိခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများက PDF အမည်ခံအကြမ်းဖက်သမား၏ လက်နက်ကြီး ပစ်ခတ်မှုကြောင့် နေအိမ်များထိခိုက်ပျက်စီးသွားခဲ့သည်ကို ဖုံးကွယ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




သတင်းစဉ်

# နတ်မောက်မြို့၌ မိုးအဆက်မပြတ် ရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်မှုကြောင့် ဗိုလ်တေဇအားကစားရုံ အမိုးလန်ပျက်စီးမှုများဖြစ်ပွား

**နတ်မောက် စက်တင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့၌ စက်တင်ဘာ ၁၉ ရက် ညနေ ၅ နာရီခန့်က မိုးအဆက်မပြတ် ရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်မှုတို့ကြောင့် ဗိုလ်တေဇအားကစားရုံ အမိုးလန်ပျက်စီးမှုများဖြစ်ပွားခဲ့သည်။

အဆိုပါ မိုးအဆက်မပြတ်ရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်မှုတို့ကြောင့် ဗိုလ်တေဇအားကစားရုံ ခေါင်မိုးအရှေ့ဘက်အခြမ်းတွင် ဒိုင်းမြားတန်းနှင့် သွပ်ပြားများပျက်စီးခဲ့ရာ အလျား ပေ ၁၂၀၊ အနံ ပေ ၉၀ အခန်းခြောက်ခန်း၊ အားကစားရုံရှိ ဒိုင်းမြားတန်းနှင့် သွပ်ပြားများပျက်စီးခဲ့ပြီး ဆုံးရှုံးမှုစုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၆၂၅၀၀ ခန့်ရှိကြောင်း မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန အား/ကာမှူး ထံမှ သိရသည်။

လှဝင်း

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄ - ကနှင့် ပုဒ်မ ၅၀၅ - က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Chit Thae" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် (၄၀) ရပ်ကွက်နေ ဖြူဇင်စိုးပိုင်အား မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ "ပြည့်စုံ" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကရင်ပြည်နယ် မြဝတီမြို့နယ် အမှတ် (၄) ရပ်ကွက်နေ ဝင်းရွှေအား မွန်းလွဲ ၃ နာရီတွင်လည်းကောင်း၊ "Ma Tin Mar Wai"Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် သိင်္ဂီကီရိရပ်ကွက်နေ တင်မာဝေအား ညနေ ၄ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ "Oo Kay Thi Oo" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်နေ ကေသီဦး(ခ)ကေကေအား ည ၈ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် တိုင်းဒေသကြီးသန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်



**မန္တလေး စက်တင်ဘာ ၂၀**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း အောင်မြင်စွာကောက်ယူနိုင်ရေး တိုင်းဒေသကြီးသန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးလွင်၊ တိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဝင်များ၊ ခရိုင်/မြို့နယ် သန်းခေါင်စာရင်းကော်မတီများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် သန်းခေါင်စာရင်း လုပ်ငန်းစီမံကိန်း တစ်ခုလုံး အောင်မြင်စေရန် ဗဟိုသန်းခေါင်စာရင်းကော်မရှင်မှ အသေးစိတ်စီမံချက်ရေးဆွဲ၍ လုပ်ငန်းစဉ်တစ်ဆင့်ချင်းအလိုက် လုပ်ငန်းအချိန်ဇယား သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ လမ်းညွှန်ချက်အတိုင်း တိုင်းဒေသကြီးသန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများ မကြာမီပြီးစီးတော့မည်ဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်းကောက်ယူရန် ရက်အနည်းငယ်သာ ကျန်ရှိတော့ပါကြောင်း၊ တိကျမှန်ကန်ပြီး အရည်အသွေးပြည့်ဝသည့် သန်းခေါင်စာရင်းအချက်အလက်များ မထပ်မကျန် အမှန်ရရှိစေရန် ခရိုင်/မြို့နယ် သန်းခေါင်စာရင်းကော်မတီတို့မှ အနီးကပ်ကြီးကြပ်မှု၊ စာရင်းစစ်၊ စာရင်းကောက်များ၏ ကြိုးစားအားထုတ်မှု၊ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ငင်းနောက် တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး၊ တိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှု ကော်မတီအတွင်းရေးမှူး ဦးစိုးလွင်က ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ သင်တန်းအဆင့်ဆင့် ဖွင့်လှစ်ဆောင်ရွက်မှု၊ မြို့နယ်အလိုက် စာရင်းစစ်၊ စာရင်းကောက်ခန့်ထားမှု၊ သန်းခေါင်စာရင်းလုပ်ငန်းသုံးပစ္စည်းများ ဖြန့်ဝေပြီးစီးမှုအခြေအနေတို့အားလည်းကောင်း၊ ခရိုင် သန်းခေါင်စာရင်းကော်မတီများမှဥက္ကဋ္ဌများက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ကောက်ယူမည့်ကောက်ကွက်စာရင်းများ စသည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့်ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

၀-၀-၀

# ကုန်သွယ်မှုလမ်းကြောင်း၌ E-Lock စနစ်ဖြင့် လုပ်ငန်းဆောင်ရွက်မည့် ကုန်တင်ယာဉ်များအားလုံး သတ်မှတ်အသင်းဝင်ဖြစ်လာစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**မန္တလေး စက်တင်ဘာ ၂၀**

ကုန်သွယ်မှုလမ်းကြောင်း၌ E-Lock စနစ်ဖြင့် လုပ်ငန်းဆောင်ရွက်မည့် ကုန်တင်ယာဉ်များအားလုံး သတ်မှတ်အသင်းဝင်ဖြစ်လာစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင်ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းစိုး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသင့်မြတ်သူနှင့် သက်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဥက္ကဋ္ဌ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက E-Lockစနစ်ကို ဆောင်ရွက်အသုံးပြုခြင်းဖြင့် သယ်ယူပို့ဆောင်မှုများတွင် အချိန်နှင့် တစ်ပြေးညီ စောင့်ကြည့်နိုင်ခြင်း၊ ခရီးစဉ်လမ်းကြောင်းများကို အချိန်မရွေး ပြန်လည်ကြည့်ရှုနိုင်သဖြင့် ခရီးစဉ်အရေအတွက်သိရှိနိုင်ခြင်း၊ ကုန်သွယ်မှုလမ်းကြောင်း ကြာမြင့်ချိန်များကိုသိရှိနိုင်ခြင်း Trad Data စနစ်ဖြင့် လုံခြုံစွာ သိမ်းဆည်းထားရှိနိုင်ခြင်း၊ E-Lockခတ်နှိပ်ထားခြင်းဖြင့် တရားဝင်ကုန်သွယ်မှုဖြစ်ကြောင်း လွယ်ကူစွာသိရှိနိုင်သည့်အတွက် တရားမဝင်ကုန်သွယ်မှုကို တားဆီးထိန်းချုပ်နိုင်ခြင်း၊ နိုင်ငံတော်မှ ရသင့်ရထိုက်သည့် အခွန်အခများကို အပြည့်အဝရရှိနိုင်ခြင်း၊ ပုဂ္ဂလိကကဏ္ဍအနေဖြင့်လည်း ကုန်စည်သယ်ယူပို့ဆောင်မှု ပိုမိုမြန်ဆန်စေခြင်း၊ အချိန်ကုန်သက်သာစေခြင်း၊ ကုန်တင်ယာဉ်တည်နေရာကို အချိန်နှင့် တစ်ပြေးညီ သိရှိနိုင်သည့်အတွက် ခရီးစဉ်အတွင်း ကုန်ပစ္စည်းပျောက်ဆုံးခြင်း၊ ကုန်ပစ္စည်းအလေအလွင့်နည်းပါးခြင်းနှင့် ကုန်ကျစရိတ်သက်သာခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအတွင်း ကုန်သွယ်မှုလမ်းကြောင်း၌ E-Lock စနစ်ဖြင့် လုပ်ငန်းဆောင်ရွက်နိုင်မည့် ကုန်တင်ယာဉ်များအားလုံး သတ်မှတ်အသင်းဝင်ဖြစ်လာစေရေး ဌာနဆိုင်ရာများအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ငင်းနောက် ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသင့်မြတ်သူက ကုန်သွယ်မှု လမ်းကြောင်း၌ E-Lock စနစ်တွင် လုပ်ငန်းဆောင်ရွက်နိုင်မည့် ကုန်တင်ယာဉ်များအားလုံး မှတ်ပုံတင်ပြီး သတ်မှတ်အသင်းဝင်ဖြစ်လာစေရေး ကဏ္ဍအလိုက် ဆောင်ရွက်နေမှုများ၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း၊ မြန်မာနိုင်ငံအဝေးပြေးကုန်စည် ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း(မန္တလေး)မှ အမှုဆောင်အဖွဲ့ဝင်များနှင့် သက်ဆိုင်ရာဦးစီးဌာနများမှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**



# အိန္ဒိယနိုင်ငံ၏ ကြက်သွန်နီအား လွတ်လပ်စွာ တင်ပို့ခွင့်ပြုလာ

အိန္ဒိယနိုင်ငံ၏ ကြက်သွန်နီတင်ပို့မှုအတွက် အနိမ့်ဆုံးပို့ကုန်တန်ဖိုး တစ်တန်ဈေးနှုန်း အမေရိကန် ဒေါ်လာ ၅၅၀ သတ်မှတ်ချက်ကိုဖယ်ရှားပြီး လွတ်လပ်စွာ တင်ပို့ခွင့်ပြုခြင်းကို စက်တင်ဘာ ၁၃ ရက်က အိန္ဒိယကုန်သွယ်ရေး အထွေထွေညွှန်ကြားမှုဦးစီးဌာနကထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်ကြောင်း နယူးဒေလီမြို့ စီးပွားရေးသံမှူး ဦးမျိုးမြင့်အောင်၏ ပေးပို့ချက်အရ သိရသည်။

ကြက်သွန်နီတင်ပို့ရာတွင် တစ်တန်အနိမ့်ဆုံး ပို့ကုန်တန်ဖိုးသတ်မှတ်ချက်အားဖယ်ရှားခြင်း ကြေညာချက်သည် ချက်ချင်းအကျိုးသက်ရောက်မှုရှိမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

အိန္ဒိယအစိုးရသည် ယခင်နှစ်က ရာသီဥတုဖောက်ပြန်မှုများကြောင့် ပြည်တွင်းစားသုံးမှု ဖူလုံရေးအတွက် ကြက်သွန်နီတင်ပို့မှုတွင် အနိမ့်ဆုံးပို့တန်ချိန်ဈေးနှုန်းများသတ်မှတ်ခြင်း၊ အကောက်ခွန်နှုန်းထားကိုလည်း ၄၀ ရာခိုင်နှုန်းသို့ တိုးမြှင့်ကောက်ခံခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ၎င်းကြောင့် ကမ္ဘာ့ကြက်သွန်ဈေးကွက်အပေါ် သက်ရောက်မှုများရှိခဲ့သည်ကို တွေ့ရှိရသည်။

ယခုနှစ်၌ ကြက်သွန်နီအသစ်များ ရိတ်သိမ်းခါနီးအချိန်တွင် အထွက်နှုန်းတိုးနိုင်မည့် အလားအလာများရှိခြင်း၊တောင်သူလယ်သမားအကျိုးစီးပွားနှင့်ပြည်ပတင်ပို့မှုမြှင့်တင်နိုင်ရန်အတွက် အချိန်ကိုက်မူဝါဒများ ပြင်ဆင်သတ်မှတ်ခဲ့ခြင်းဖြစ်နိုင်ကြောင်းနှင့် ၎င်းသည် ကမ္ဘာ့ကြက်သွန်ဈေးကွက်အပေါ် သက်ရောက်မှုရှိလာနိုင်ကြောင်း သုံးသပ်ထားသည်။

လက်ရှိ ၎င်းထုတ်ပြန်ချက်ထုတ်ပြန်ပြီး နောက်ပိုင်း အိန္ဒိယနိုင်ငံအနှံ့တွင်လည်း ရေကြီး၊ ရေလျှံဖြစ်ပေါ်မှုများကြောင့် သီးနှံစိုက်ခင်းများ ပျက်စီးဆုံးရှုံးမှုများရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ရွှေမန်း**

# မင်္ဂလာမန္တလေး ၁၀ နှစ်ပြည့် အထိမ်းအမှတ် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာပစ္စည်း ၁၁ မျိုးအား အိမ်ထောင်စု ၅၀၀၀ ကို ပေးအပ်လှူဒါန်းသည့် အခမ်းအနား ကျင်းပ






**မန္တလေး စက်တင်ဘာ ၂၀**

New Starlight Construction Co.,Ltd က တည်ဆောက်ခဲ့သည့် မင်္ဂလာမန္တလေး ၁၀ နှစ်ပြည့်အထိမ်းအမှတ်အဖြစ် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာ ပစ္စည်း ၁၁ မျိုးအား အိမ်ထောင်စု ၅၀၀၀ ကို ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေးပရိမိုးရှင်းဧရိယာတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ် မစ္စကောင်းဖျင်(Ms.Gao Ping)၊ မန္တလေးမြို့အခြေစိုက် အိန္ဒိယ နိုင်ငံကောင်စစ်ဝန်ချုပ် H.E. Mr. Sundeep Kaushal၊ New Starlight Construction Co.,Ltd မှ ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ကောင်စစ်ဝန်ချုပ်များ၊ New Starlight Construction Co.,Ltd ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တက်ရောက်လာကြသည့် ဧည့်သည်များက သတ်မှတ်နေရာများမှနေ၍ စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်းနှင့် ယနေ့ပေးအပ်လှူဒါန်းမှုတွင် စားဝတ်နေရေး အမှန်တကယ် အခက်အခဲရှိသည့် အိမ်ထောင်စုတစ်စုလျှင် ဆန်၊ ဆီ၊ ဆား၊ ဟင်းချိုမှုန့်၊ ငပိ၊ ငါးခြောက်၊ ခေါက်ဆွဲ၊ ကြက်သွန်နီ၊ ကုလားပဲ၊ လက်ဖက်နှင့် ငွေကျပ် ၃၀၀၀ ဈေးဝယ်ကူပွန်အပါအဝင် ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာပစ္စည်း ၁၁ မျိုးအား အိမ်ထောင်စု ၅၀၀၀ အတွက် စုစုပေါင်း ငွေကျပ်သိန်း ၂၅၀၀ တန်ဖိုးရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**









နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တိုင်းဒေသကြီးသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်





**မန္တလေး စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့နှင့် လုပ်ငန်းအဖွဲ့တို့ကို ဖွဲ့စည်းထားရှိပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေပါကြောင်း၊ ရေကြီးရေလျှံစတင်ဖြစ်ချိန်၊ ဖြစ်နေစဉ်အချိန် ကာလများတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ ကူညီထောက်ပံ့ရေးလုပ်ငန်းများ အရေးပေါ် ချက်ချင်းဆောင်ရွက်၍ရသည်များကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ရေနစ်မြုပ်ခဲ့သည့် ဌာနဆိုင်ရာအဆောက်အဦများ၊ ရုံးများ၊ ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်ကာ လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေး၊ စိုက်ပျိုးသီးနှံများ ပြန်လည်စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ရေးတို့ကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ပျက်စီးဆုံးရှုံးမှု စာရင်းဇယားများနှင့် ပတ်သက်၍ ကောက်ယူသည့် ကိန်းဂဏန်းများ တိကျမှန်ကန်ရေးနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်သည် ရှောင်ရှား၍မရနိုင်သည့်အတွက် ယခုဖြစ်စဉ်များနှင့် ကြုံတွေ့ခဲ့ရမှုများကို သင်ခန်းစာယူပြီး ထပ်မံဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်တွင် ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးလျှော့ချနိုင်အောင် ကြိုတင်ပြင်ဆင်၊ ကာကွယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ထားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး ဦးဝေဇင်ထွန်းက တိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံဖြစ်ပွားခဲ့မှု၊ ရေနစ်မြုပ်ခဲ့မှု၊ ပျက်စီးဆုံးရှုံးမှု၊ သေဆုံးခဲ့မှုများ၊ ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့် အစီအမံများနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဝင်များက ခရိုင်/မြို့နယ်အလိုက် ရေနစ်မြုပ်ခဲ့မှု၊ ပျက်စီးခဲ့မှု၊ ကြုံတွေ့ခဲ့ရသည့် အခြေအနေများ၊ ဦးစားပေးအဆင့်အလိုက် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှု၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့်အစီအစဉ်များကိုလည်းကောင်း ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြမှု၊ ဆွေးနွေးအကြံပြုတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

သတင်း-စာမျက်နှာ ၁၂



## သဘာဝဘေးအန္တရာယ်များ ကာကွယ်နိုင်ရန် မီးသတ်တပ်ဖွဲ့ဝင်များ အသင့်စုဖွဲ့ ဆောင်ရွက်လျက်ရှိ



**မန္တလေး စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင် မီးသတ်ဦးစီးဌာနက ဦးဆောင်၍ မန္တလေး(၇)မြို့နယ်မှ သန္နေ/အရန်တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်ပါက အရေးပေါ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရှာဖွေကယ်ဆယ်ရေးသုံး စက်ကိရိယာများနှင့် အတူ အောင်မြေသာစံမြို့နယ်မီးသတ်စခန်း၌ အသင့်စုဖွဲ့ ဆောင်ရွက်လျက်ရှိသည်။

တောင်တရုတ်ပင်လယ်မှ မုန်တိုင်းအရှိန်ကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း မိုးကြီး၊ ရေကြီးကာ တောင်ကျချောင်းရေကြောင့် ဘေးအန္တရာယ်ကျရောက်နိုင်ပြီး ယခုဖြစ်ပေါ်နေသည့် ရေဘေးအန္တရာယ်မျိုး ထပ်မံဖြစ်ပွားပါက အချိန်နှင့် တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်နိုင်ရေး မန္တလေး(၇)မြို့နယ်၏ သန္နေ/အရန်တပ်ဖွဲ့ဝင်များဖြင့် အဓိကထား အသင့်စုဖွဲ့ထားလျက်ရှိသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် မန္တလေးခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကိုကိုက ဦးဆောင်ကြီးကြပ်ပေးခဲ့ပြီး သန္နေ/အရန် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် တပ်စု (၂)စု၊ အင်အား ၇၀ ဦး ဖြင့် စုဖွဲ့ထားရှိကာ မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများ၏ မီးဘေးလုံခြုံရေးအပြင် သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကြိုတင်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အမြဲလေ့ကျင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ရေဘေးသင့်ဒေသများတွင် ရွေ့လျားဆေးကုသခန်းဖွင့်လှစ်ကာ အခမဲ့ဆေးကုသပေး

**မန္တလေး စက်တင်ဘာ ၂၀**



မြန်မာနိုင်ငံကြက်ခြေနီအသင်း မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီသည် ကျောက်ဆည်ခရိုင်၊ ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့်ပူးပေါင်းကာ ယနေ့တွင် ရေဘေးသင့်ခံရသောဒေသများသို့ ရွေ့လျားဆေးကုသခန်းဖွင့်လှစ်၍ အခမဲ့ဆေးကုသပေးခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီးကြက်ခြေနီကြီးကြပ်မှုကော်မတီမှ သိရသည်။

အဆိုပါ ပူးပေါင်းအဖွဲ့သည် ရေဘေးသင့်ခံရသောဒေသဖြစ်သည့် ကျောက်ဆည်မြို့နယ်၊ ရွာမုန်းကြီးကျေးရွာသို့သွားရောက်ကာ ကျောက်ဆည်ခရိုင်ကြက်ခြေနီဒုတိယဥက္ကဋ္ဌ ဒေါက်တာသက်ဇော်နှင့် ဆရာ၊ ဆရာမများ၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များက ရေဘေးသင့်သူများအား အခမဲ့ဆေးကုသခြင်းများကို ဆောင်ရွက်ပေးခဲ့ကြသည်။

ထိုဆေးကုသခန်းရှိရာနေရာသို့ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်၊ ကျောက်ဆည်ခရိုင်ကြက်ခြေနီဥက္ကဋ္ဌ ဒေါ်သင်းပျံ့ကြူတို့မှ လိုက်လံကြည့်ရှု၍ ဆေးကုသရာ၌ လိုအပ်သည်များကိုမှာကြားခဲ့ပြီး ဆေးကုသသူများကို ရင်းနှီးစွာဖြင့် စိတ်ခွန်အားဖြစ်စေသောစကားများ ပြောကြားခဲ့သည်။

ယခုလိုရွေ့လျားဆေးကုသခန်းဖွင့်လှစ်ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့်အလှူရှင်များ၏ ကူညီမှုများကြောင့် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ပြီး မန္တလေးမြို့နယ်ဝန်းကျင်နှင့် ကျောက်ဆည်ခရိုင်အတွင်းရှိ ရေဘေးသင့်ဒေသများသို့ ဆက်လက်သွားရောက်ကာ ဆေးကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၅)**

# မန္တလေးမြို့တော်စည်ပင်စွမ်းအား လမ်းတံတားဌာနလုပ်ငန်းများ

**မန္တလေးမြို့သည် ရှေးဟောင်းအမွေအနှစ်များ စုဝေးရာဖြစ်သကဲ့သို့ နိုင်ငံ၏အလယ်ပိုင်းဒေသမှ စီးပွားရေး အချက်အချာကျသည့် မြို့တော်ဖြစ်သည်။ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီသည် မြို့တော်သန့်ရှင်းသာယာလှပပြီး မြို့နေလူထု စိတ်ချမ်းသာရမည်ဆိုသော ရည်မှန်းချက်များဖြင့် ဌာနပေါင်း ၁၄ ခုဖွဲ့စည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပေသည်။ ထိုဌာနများအနက် မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော လုပ်ငန်းများစွာကို လမ်းတံတားဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုများနှင့်အတူ မြို့ပြခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန်မှာ လမ်း၊ တံတား၊ လူသွားလမ်းပလက်ဖောင်းများ ကောင်းမွန်ရေး၊ မြို့တွင်းရေစီးရေလာကောင်းမွန်ရေး၊ ယာဉ်ကြောကျပ်တည်းမှု ဖြေရှင်းပြီး ယာဉ်အန္တရာယ်ကင်းစေရေး၊ ဆက်သွယ်ရေး လုပ်ငန်းများ စနစ်တကျရှိစေရေး စသည့် လုပ်ငန်းများစွာ ဆောင်ရွက်ရသည့် ဌာနဖြစ်သည်။

**လမ်းပိုင်းဆိုင်ရာလုပ်ငန်းများ**

နှစ်စဉ် ဘဏ္ဍာငွေချထားပေးမှုဖြင့် မြို့အဝင်လမ်းများ၊ မြို့တွင်းလမ်းပိုင်းများကို လမ်းချဲ့ခြင်း၊ အဆင့်မြှင့်တင်ခြင်းများဆောင်ရွက်ရာတွင် အသုံးဝင်မှုပေါ်မူတည်ပြီး Priority – A,B,C ခွဲထားရာ (A) မှာ မဟာဗျူဟာလမ်း၊ (B)မှာ လမ်းနံပါတ်ရှိသောလမ်း၊ (C)မှာ လမ်းသွယ်များဟူ၍ ဖြစ်သည်။ ဦးစားပေးအစီအစဉ်အရ ခေတ်မီစက်ယန္တရားများနှင့် အဆင့်မြင့်နည်းပညာများ အသုံးပြုဆောင်ရွက်ခြင်းဖြစ်သည်။

လမ်းသစ်များဖောက်လုပ်ခြင်း၊ မြေသားလမ်းမှ ကျောက်ချောလမ်း၊ ၎င်းမှတစ်ဆင့် ကတ္တရာလမ်းမှ နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း၊ ယာဉ်ကြောကျပ်တည်းမှုမရှိစေရန် နှစ်လမ်းသွား၊ လေးလမ်းသွား၊ ခြောက်လမ်းသွား ယာဉ်ကြောများအဖြစ် လမ်းချဲ့ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းတို့ လုပ်ဆောင်ရသည်။ ယင်းသို့ဆောင်ရွက်ရာ၌ National High Way (NH-1) ဖြင့် ဆက်စပ်သော ရန်ကုန်-မန္တလေးအဝေးပြေးလမ်းနှင့် ဆက်သွယ်သည့် ရန်-မန်းလမ်းကို အပိုင်းလိုက် နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ခြင်း၊ ၆၂ လမ်းတွင် ၁၀ လမ်းမှစ၍ အမရပူရမြို့နယ်သို့ ဖြတ်သန်းသွားသော NH လမ်းဖြစ်သည့် ထုံးဘို-မြစ်ငယ်ဖြတ်လမ်းထိ တစ်ဖြောင့်တည်း ဖောက်လုပ်အဆင့်မြှင့်တင်ခြင်း၊ မြို့ပတ်လမ်းဖြစ်သည့် ရွှေကျင်ကွေ့မှ မန္တလေး-ပြင်ဦးလွင်အဆင်းလမ်း (မိုင်တိုင် ၇/၄)ထိ နိုင်လွန်ကတ္တရာ အဆင့်မြှင့်ကာ လမ်းချဲ့ခြင်းတို့ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ထို့အပြင် ၂၀၂၀နှင့်၂၀၂၁ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့်ဆက်သွယ်ထားသော ဧရာဝတီမြစ်၊ ကမ်းနားလမ်းတစ်လျှောက်တွင် နိုင်လွန်ကတ္တရာအဆင့်မြှင့်တင်ခြင်း၊ ၂၀၂၃ ခုနှစ်တွင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၊ မိုင်တိုင် (၃၆၅/၃ မှ ၃၆၆/၃)ထိ နိုင်လွန်ကတ္တရာခင်းခြင်း၊ တောင်သမန်အင်းကန်ပတ်လမ်းတွင် နိုင်လွန်ကတ္တရာခင်းခြင်းနှင့် မြို့အဝင်လမ်း(Access Road)များ အကောင်အထည်ဖော်ပေးရသည်။ လမ်းအသုံးပြုမှုများသော လမ်းများတွင် ယာဉ်ကြောကျပ်တည်းမှုမရှိစေရေး စီမံဆောင်ရွက်ရသည်။ မြို့ရှောင်လမ်းများ၊ မြို့ပတ်ကမ်းနားလမ်းများနှင့် အမရပူရမြို့နယ်ရှိ တောင်သမန်အင်းကန်ပတ်လမ်းများတွင် နိုင်လွန်ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများ ပြီးစီးခဲ့ပြီဖြစ်သည်။ ထိုလုပ်ငန်းစဉ်များကို လမ်းတံတားဌာနအနေဖြင့် ဘဏ္ဍာနှစ်အလိုက် ရရှိငွေပေါ်မူတည်၍ လမ်းပိုင်းဆိုင်ရာ အဆင့်မြှင့်တင်ခြင်း၊ ပြုပြင်ခြင်းတို့ ဆောင်ရွက်ခြင်းဖြစ်သည်။

မြို့တွင်းလမ်းများနှင့်အတူ အများပြည်သူ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် လမ်းလျှောက်သွားလာနိုင်ရန် လမ်းဘေးပလက်ဖောင်းများနှင့် Down Town ဧရိယာအတွင်း ပျက်စီးသည့် ပလက်ဖောင်းများကို နှစ်စဉ် ပြင်ဆင်ပေးလျက်ရှိသည်။ ကျုံးမြို့ရိုးပတ်လည်တွင် လမ်းလျှောက်အပန်းဖြေအနားယူနိုင်ရန်နှင့် ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်နိုင်ရန် ပလက်ဖောင်းများကို ဆောင်ရွက်ခဲ့သည်။

**လမ်းခင်းလုပ်ငန်းနှင့် ထုတ်လုပ်ရေးစက်ရုံများ**

မြို့တွင်းလမ်းများနှင့်ပတ်သက်၍ ရိုးရိုးကတ္တရာလမ်းမှ နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းကို ၁၉၉၃-၁၉၉၄ ခုနှစ် ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်သည်ဖြစ်ရာ နိုင်လွန်ကတ္တရာထုတ်လုပ်မည့် စက်ရုံကို ပြည်ကြီးတံခွန်မြို့နယ်၊ ၆၂ လမ်း၊ စက်မှုပန်းခြံအနီး၌ တည်ဆောက်ထုတ်လုပ်ခဲ့သည်။ ၎င်းစက်ရုံမှ တစ်နာရီလျှင် တန် ၃၀(တစ်ရက်လျှင် ပျမ်းမျှအရှည်ပေ ၃၀၀ မှ ၃၇၅ ပေ၊ အကျယ် ၂၄ ပေ၊ ထု ၃ လက်မ ဆောင်ရွက်နိုင်ပြီး ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်ထိ နိုင်လွန်ကတ္တရာလမ်းပေါင်း ၆၀(လမ်းအရှည် ၅၅ ဒသမ၄၉ မိုင်)ခင်းပေးခဲ့ပြီးနောက် ထုတ်လုပ်မှုကျဆင်းလာသဖြင့် စက်ရုံလည်ပတ်မှုရပ်ဆိုင်းခဲ့သည်။

၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် တစ်နာရီလျှင် နိုင်လွန်ကတ္တရာ ၄၈ တန်ထုတ်လုပ်နိုင်သည့် နိုင်လွန်ကတ္တရာကျိုစက်ရုံကို မန္တလေး-ပြင်ဦးလွင်လမ်း (၁၅မိုင် ၅ ဖာလုံ)၌ ထပ်မံတည်ဆောက်ထုတ်လုပ်ခဲ့သည်။ မြို့တွင်းသို့သယ်ဆောင်မှု အလှမ်းကွာဝေးသဖြင့် တစ်ရက်လျှင် ပျမ်းမျှအရှည်ပေ ၃၀၀မှ ၃၇၅ ပေ၊အကျယ် ၂၄ ပေ၊ ထု ၃ လက်မ ဆောင်ရွက်နိုင်သည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ထိ စက်ရုံလည်ပတ်ထုတ်လုပ်ကာ လမ်းပေါင်း ၆၆ လမ်း၊ (လမ်းအရှည် ၅၃ ဒသမ ၀၁ မိုင်)ခင်းနိုင်ခဲ့ပြီး ထုတ်လုပ်မှုကျဆင်းလာခြင်း၊ Modelနိမ့်သဖြင့် စက်အပိုပစ္စည်း ဝယ်ယူတင်သွင်းရန်ခက်ခဲခြင်းတို့ကြောင့် ၂၀၁၆-၂၀၁၇ တွင် စက်ရုံလည်ပတ်မှုရပ်ဆိုင်းလိုက်သည်။

လက်ရှိ လည်ပတ်ထုတ်လုပ်နေသည်မှာ ဂျာမဏီနိုင်ငံထုတ် Linnhoff TRX 1000 Station Asphalt Batching Plant ဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ ၆၂ လမ်း၊ စက်မှုပန်းခြံလမ်း၌ တည်ဆောက်ခဲ့သည်။ တစ်နာရီလျှင် နိုင်လွန်ကတ္တရာ တန် ၆၀မှ ၈၀ ထိ ထုတ်လုပ်နိုင်ပြီး ပျမ်းမျှအရှည် ပေ ၁၂၀၀ မှ ပေ ၁၄၀၀၊ အကျယ် ၂၄ ပေ၊ ထု ၃ လက်မရှိ လမ်းခင်းနိုင်သည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ထိ နိုင်လွန်ကတ္တရာတန်ချိန် ခုနစ်သိန်းကျော်၊ လမ်းပေါင်း ၆၃၁ လမ်း(လမ်းအရှည်မိုင် ၃၁၃ ဒသမ ၂၈ မိုင်) ခင်းပေးနိုင်ခဲ့သည်။

ထိုစက်ဖြင့် ထုတ်လုပ်ရာ၌ နိုင်လွန်ကတ္တရာလမ်းများခင်းရာတွင် အသုံးပြုရသည့် စက်ယန္တရားများပြားပြီး စက်သုံးဆီသုံးစွဲမှုမြင့်မားသည့် အားနည်းချက်ရှိသော်လည်း ကွန်ကရစ်လမ်းများထက် ကုန်ကျစရိတ်သက်သာခြင်း၊ အချိန်တိုတိုနှင့် လျင်မြန်စွာ လမ်းခင်းနိုင်ခြင်း၊ သက်တမ်းကြာရှည်ခံခြင်း၊ လမ်းမျက်နှာပြင်ညီညာချောမွေ့သောကြောင့် ယာဉ်များမောင်းနှင်ဖြတ်သန်းရာတွင် သက်သောင့်သက်သာရှိခြင်းဆိုသော အားသာချက်များရှိပါသည်။ လမ်းအသုံးပြုမှုများပြားသဖြင့် နေ့ချင်းပြီး လုပ်ဆောင်ရသည်ဖြစ်ရာ လက်ရှိ လမ်းခင်းမှုလုပ်ငန်းတွင် Setting Time-24 နာရီကြာထား၍ ယာဉ်များသွားလာနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိပေသည်။



၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်တွင် ကတ္တရာလမ်းတည်ဆောက်ရာတွင် ကုန်ကျစရိတ်သက်သာသော ဖြုန်းကျောက်၊ ဘိလပ်မြေနှင့်ရေ သုံးမျိုး ပါဝင်သည့် Cement Stabilized လမ်းများ စတင်အသုံးပြုခဲ့ပြီး၊ ထို Cement Stabilized စက်ရုံကို ၂၀၁၈ ခုနှစ်က စတင်တည်ဆောက်ခဲ့သည်။ တစ်နာရီလျှင် ပျမ်းမျှတန်ချိန် ၂၀၀ မှ ၅၀၀ ထိ လည်ပတ်ထုတ်လုပ်ရာ တစ်ရက်လျှင် အရှည်ပေ ၅၀၀ မှ ၆၀၀၊ အကျယ် ၂၄ ပေနှင့် ထု ၁၂ လက်မခင်းနိုင်ပြီး ယနေ့ထိ Cement Stabilized အခြေခံလွှာလမ်းမိုင်ပေါင်း(၇၄ ဒသမ ၉၉၅ မိုင်)ရှိ လမ်းပေါင်း ၁၁၈ လမ်းကို လမ်းခင်းပေးနိုင်ခဲ့သည်။ မြို့တော်အတွင်း ယာဉ်များသွားလာမှု အဆင်ပြေချောမွေ့ရန်မှာ လမ်းများကောင်းမွန်ရန် လိုအပ်သည်နှင့်အညီ ချထားပေးသောဘတ်ဂျက်အရ နှစ်စဉ် လမ်းများ အဆင့်မြှင့်တင်ခြင်း၊ လမ်းသစ်ခင်းခြင်း၊ ပြုပြင်ခြင်း စသည့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါ၏။

**ရေစီးရေလာကောင်းမွန်ရေး**

မြို့တော်အတွင်းရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရန်လိုအပ်သည်ဖြစ်ရာ လမ်းတံတားဌာနမှ စီမံဆောင်ရွက်ပေးရသည်။ ရေဝပ်မှုမရှိစေရေးနှင့်မြောင်းဟောင်းများတွင် ရေစီးဆင်းမှု Level မှန်ကန်စေရန် တိုင်းတာလုပ်ဆောင်ခြင်း၊ လိုအပ်သည့်နေရာများ၌ မြောင်းသစ်ဖောက်လုပ်ခြင်း၊ လမ်းအသစ်ခင်းသည့်အခါ ရေစီးမြောင်းတစ်ပါတည်း ထည့်သွင်းပြုလုပ်ခြင်းတို့ကို မြောင်းအရွယ်အစားနှင့် နှစ်စဉ်ရွာသွန်းသည့် အများဆုံး မိုးရေချိန်ကို ထည့်သွင်းတွက်ချက်၍ ရပ်ကွက်နေအိမ်များမှ နေ့စဉ်စွန့်ထုတ်သည့် ရေဆိုးပမာဏပေါ်မူတည်ပြီး Feasibility Study ပြုလုပ်ပြီး Catchment Area အလိုက် မြောင်း Design အား နည်းပညာပိုင်းဆိုင်ရာ အသုံးပြုရေးဆွဲဆောင်ရွက်ကြသည်။

စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အဓိကရေမြောင်းကြီး ကိုးမြောင်းနှင့် မြောင်း ၁၂ မြောင်းရှိရာ အဓိက ချောင်းကြီး၊ မြောင်းကြီးများတွင် ရေစီးရေလာကောင်းမွန်စေရန် မူလကကျောက်ရိုးစီထားသော "မြောင်းကြီးမြောင်း"အား ၄၃လမ်း(၆၂လမ်းမှ ၆၉ လမ်းထိ)တွင် ၆ ပေပတ်လည် Precast "U" Drain ဖြစ် ပြောင်းလဲတည်ဆောက်ခဲ့သည်။ တစ်ချိန်က မြောင်းများတွင် အုတ်ရိုးစီစနစ်ဖြင့်ဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ်မှစတင်၍ Precast Concrete စနစ်သုံး Precast Drain,Precast Box Culvert နှင့် Precast Bridge အဖြစ် ပြောင်းလဲအသုံးပြုခဲ့သည်။ Precast Drain မှာ Concrete Grade 40 ကို အသုံးပြု ထုတ်လုပ်သဖြင့် ခိုင်ခံ့မှုရှိ၍ သက်တမ်းကြာရှည်အသုံးပြုနိုင်ခြင်း၊ မြောင်းအောက်ခြေနှင့် မြောင်းနံရံတွင် Roughness Factor နည်းပြီး ရေစီးဆင်းမှုမှန်ကန်ခြင်း၊ မြေနေရာ လိုအပ်မှုနည်းခြင်း၊ မြောင်းဆယ်ရန်လွယ်ကူခြင်း၊ အပိုင်းလိုက်ပြင်ဆင်၍ အလွယ်တကူအစားထိုးနိုင်ခြင်း၊ တည်ဆောက်အချိန်ကုန်သက်သာခြင်းဆိုသည့် အားသာချက်များရှိသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တံတား၊ မြောင်းနှင့် Platform Road Curb များအတွက် ကုန်ကျစရိတ်သက်သာပြီး သတ်မှတ်အချိန်အတွင်း အရည်အသွေးကောင်း Precast ပစ္စည်းများ ထုတ်လုပ်နိုင်သည့် Precast စက်ရုံကို ပြည်ကြီးတံခွန်မြို့နယ်၊ ၁၂၀လမ်းနှင့်၆၂လမ်းတွင် တည်ဆောက်ခဲ့သည်။ တည်ဆောက်ပြီးချိန်မှ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လအထိ ထုတ်လုပ်မှုမှာ U Drain အမျိုးအစား (၉၄၈၇၁)၊ Box Culvert အမျိုးအစား(၅၇၈၃)၊ Drain Cover အမျိုးအစား (၁၂၅၈၉၇)၊ Road Curb အမျိုးအစား (၁၇၆၅၃)၊ Fence Slab အမျိုးအစား (၁၂၄၄)၊ Water Collection - Pit အမျိုးအစား(၅၂၅)၊ Junction Box အမျိုးအစား(၁၅၈၄)၊ လမ်းမီးတိုင် Footing အမျိုးအစား (၁၈၁၂၉) ထုတ်လုပ်ခဲ့ပြီးဖြစ်သည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ဘဏ္ဍာနှစ်အတွင်း Precast စနစ်ဖြင့် ဆောင်ရွက်ခဲ့သည်မှာ Precast Drain (၂၅၂၃) ခု ဖြင့် (၆၈ ဒသမ ၂၇ မိုင်)၊ Precast Box Culvert (၉၂၇)ခုဖြင့် (၄ ဒသမ ၅၃မိုင်) ဆောင်ရွက်ခဲ့သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ ရည်မှန်းချက်များပြည့်စုံရန် လမ်းတံတားဌာနမှ ဌာနမှူး၊ ဒုတိယဌာနမှူး၊ ဌာနခွဲမှူး စသည်ဖြင့် အင်ဂျင်နီယာများအပါအဝင် ဝန်ထမ်းများက အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ သတ်မှတ်အရည်အသွေးပြည့်ဝပြီး သတ်မှတ်ကာလတွင် ပြီးစီးရန် နေပူ-မိုးရွာမရှောင် လမ်းများပေါ်မှာ တွေ့မြင်နေရပေသည်။

(ဆက်လက်ဖော်ပြပါမည်)

**ခိုင်ဆက်ဝေ**

# စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ



**နေပြည်တော် စက်တင်ဘာ ၂၀**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး "လူငယ်စကားဝိုင်း" ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ အမှတ်(၁၉)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပြန်/ဆက် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမေစုအောင်က ကျောင်းသား၊ ကျောင်းသူ လူငယ်လေးများ ဗလငါးတန်နှင့် ပြည့်စုံ၍ ထူးချွန်ထက်မြက်သော လူရည်ချွန်များ ဖြစ်လာစေရန်၊ စကားပြောစွမ်းရည်မြင့်မားလာစေရန်၊ လူထုပရိသတ်အရှေ့၌ ပြောဆိုဆွေးနွေးတတ်စေရန်၊ တစ်ဦးနှင့်တစ်ဦး တိုင်ပင်ဆွေးနွေးခြင်း အလေ့အကျင့်ကောင်းများရရှိလာစေရန်၊ စာပေဖတ်ရှုလေ့လာ၍ ရရှိလာသည့် အသိပညာဗဟုသုတများကို ပြန်လည်မျှဝေတတ်စေရန်နှင့် ပူးပေါင်းဆောင်ရွက်တတ်သော အလေ့အကျင့်ကောင်းများ ရရှိစေရန် စသည်ဖြင့် ပြောကြားသည်။ ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမူက လူငယ်စကားဝိုင်းကျင်းပခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန္ဒာဝင်းက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး Grade-9 ကျောင်းသူ မယဉ်ငြိမ်းမြတ်က "လူငယ်နှင့်နည်းပညာ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-10 ကျောင်းသူ မပြည့်ဖြိုးဝေက "လူငယ်နှင့်မျိုးချစ်စိတ်ဓာတ်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-10 ကျောင်းသား မောင်ရွှေထူးနိုင်က "လူငယ်နှင့်ခေါင်းဆောင်မှု" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-9 ကျောင်းသူ မသဒ္ဒါဖြိုးက "လူငယ်နှင့်စာဖတ်ခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးချက်များအပေါ် သိလိုသည်များကို မေးမြန်းခဲ့ကြရာ ပါဝင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားဆွေးနွေးကြသည်။ ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမေစုအောင်နှင့် တာဝန်ရှိသူများက လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြသည့် ကျောင်းသား၊ ကျောင်းသူများအား အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။

အခမ်းအနားအပြီးတွင် ဒက္ခိဏခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များ၊ လူငယ်ရေးရာ အသိပညာပေး နံရံကပ်စာစောင်များအား ကျောင်းသား၊ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# စာဖတ်ရှိန်မြှင့်တင်ရေး စာပေဟောပြောပွဲကျင်းပ



**ပြင်ဦးလွင် စက်တင်ဘာ ၂၀**

လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်စေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး စာပေဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီခွဲက မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ မိုးကြိုး(အ·ထ·က)တွင် ကျင်းပရာ ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မေသီထက်နွေကျော်က အမှာစကား ပြောကြားသည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါလွင်က စာပေဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဗမာစာပေနှင့် ယဉ်ကျေးမှုအသင်း ခရိုင်အဆင့် ဒုတိယဥက္ကဋ္ဌ ဒေါ်အေဇင်မေက ဗမာစာပေနှင့် ယဉ်ကျေးမှုအသင်းအား မိတ်ဆက်ပေးခဲ့ကြောင်း သိရသည်။ ထို့နောက် စာရေးဆရာကိုရွှေအောင်သင်းက "လူငယ်နှင့် အနာဂတ်နိုင်ငံတော်" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့ပြီး အဆိုပါဟောပြောချက်များနှင့်ပတ်သတ်၍ ကျောင်းသား၊ ကျောင်းသူများအား မေးမြန်းခဲ့ရာ ပြန်လည်ဖြေကြားခဲ့သည်။

ဆက်လက်ပြီး Green Challenge Association အဖွဲ့မှ အသင်းနာယက ဦးလင်းဇော်မင်းက ဆုရရှိသော ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့နောက် ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ တာဝန်ရှိသူများသည် မိုးကြိုး(အ·ထ·က)မှ ကျောင်းသား၊ ကျောင်းသူများအား အသိအလိမ္မာရဖွယ် သုတရသပုံပြင်များ ဖတ်ကြားပြခြင်း၊ နံရံကပ်စာစောင်များ၊ သုတရသစာစောင်များ ခင်းကျင်းပြသပေးသည်။

အဆိုပါဟောပြောဆွေးနွေးပွဲသို့ ကျောင်းသား၊ ကျောင်းသူ ၂၅၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သွေးသွေး(ခရိုင်ပြန်/ဆက်)**

တိုက်တာဆင့်ဆင့်၊ မိုးထိမြင့်လည်း
ပန်းနှင့် သစ်ပင် မတွေ့မြင်က
ဝန်းကျင်ခြောက်ခန်း စိတ်ပင်ပန်း၏။




ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယုဒနာ

## ရေဘေးကူညီ စွမ်းကြရည်သား

* မြန်မာပြည်တလွှား ထက်အောက်ပါးမှာ
မနား,မိုးသည်း ဂျမိုးသည်းကြောင့်
အမှောင်ဗျာဝေ စိုးထိတ်ဝေသည်
မသွေမနား ပြေးသမား,သို့။

* ရာသီဖောက်ပြန် ဥတု,ဟန်သည်
မမှန်,စွက်ကာ အဖျက်ပါ၍
ဘေး,နယ်ရန်များ ကမ္ဘာ,ကြားဝယ်
သူ့အား,စွမ်းစ တို့ပြည်,ခသည်
မလှမြင်ကွင်း ထု,သင်းပင်းဖြင့်။

* ရတ်ချည်းကျရောက်
ထင်,မပေါက်ခင်
နောက်ပါအပူ ထိုအပူကို
လျှော့မှုပါးစေ ကြင်နာဝေ၍
မသွေကူကြ လက်တွဲကြသည်
ယုယအပြု ထောက်ပံ့မှုဖြင့်။

* လူမှုကူညီ စိတ်ဝမ်းတည်၍
ရည်ပါမေတ္တာ စေတနာဖြင့်
သူ့မှာခက်ခဲ ထို,တိုက်ပွဲကို
နွဲကြထီးတည်း နေမသည်း,ဘဲ ---။

* ထဲထဲဝင်ဝင် ဒီ,ရေပြင်ကြား
ရေစီးအား,ကို တုပြားဖက်ပြိုင်
အံတု, ဆိုင်ကြ တို့မှာ,ပရဟိတ
အစွမ်း မခမ်းကူညီ
စိတ်ဝမ်းတည်၍ ---
တို့သည်မြန်မာ မြန်မာတွေ မို့။

**(မြန်ပြည်တစ်ဝန်းမှ ရေဘေးကူညီကြပါသည့် လူမှုပရဟိတစွမ်းအားရှင်များအား ဂုဏ်ပြုပါသည်။)**

ရေချမ်းမန်း

## သတင်းပဒေသာ

### မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ မင်းကင်းမြို့ အခြေခံပညာအထက်တန်းကျောင်းစကားဝါခန်းမ၌ ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက်၉ နာရီတွင် ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### အခြေခံစက်ချုပ်နည်းပညာသင်တန်းအခမဲ့ သင်ကြားပေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် အခြေခံစက်ချုပ်နည်းပညာသင်တန်းကို ယမန်နေ့ နံနက် ၁၀ နာရီက မိုင်းကိုးကျေးရွာအုပ်စု၊ မယ်လိတ်ပါကော်စံပြကျေးရွာ၊ ပညာရတနာမွန်စာကြည့်တိုက်ခန်းမ၌ ကျင်းပခဲ့သည်။ အခြေခံသင်တန်းကာလကို စက်တင်ဘာ ၁၈ ရက်မှ အောက်တိုဘာ ၁၈ရက်အထိ ရက်ပေါင်း ၃၀ရက်ကြာ ကျွမ်းကျင်နည်းပြဆရာမများက လုပ်ငန်းထူထောင်နိုင်သည်အထိ စာတွေ့လက်တွေ့နှစ်မျိုးဖြင့် အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ်၊ သစ်ပုတ်ပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ယမန်နေ့ မွန်းလွဲ ၁နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပခဲ့ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

### စားသောက်ဖွယ်ရာများနှင့် လူသုံးကုန်ပစ္စည်းများ လှူဒါန်း

ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ်အတွင်း စစ်တောင်းမြစ်ဘေးဝဲယာရှိ ကျေးရွာများတွင် မြစ်ရေဝင်ရောက်မှုကြောင့် ရေဘေးရှောင်စခန်းများ ဖွင့်လှစ်ထားရှိရာ စေတနာရှင်များက စားသောက်ဖွယ်ရာများနှင့် လူသုံးကုန်ပစ္စည်းများ ယမန်နေ့ နံနက်ပိုင်းက လာရောက်လှူဒါန်းလျက်ရှိကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

### အသိပညာပေးလုပ်ငန်းများ လစဉ်ကွင်းဆင်းဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကျောက်တလုံးကြီးမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသားလူငယ်များ အသိပညာဗဟုသုတရရှိစေရန် အသိပညာပေး လုပ်ငန်းများကို လစဉ်ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ထီပုန်းအခြေခံပညာမူလတန်းကျောင်းသို့ နယ်လှည့်ဟောပြောပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်စာစောင်ပြပွဲများကို ယမန်နေ့ နံနက် ၁၀နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### အသံချဲ့စက်များဖြင့် လှည့်လည်အသိပေးနှိုးဆော်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် တောင်တရုတ်ပင်လယ်မှ ဝင်ရောက်လာသည့် မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်းများဖြစ်ပေါ်နိုင်၍ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ခြင်းကို ယမန်နေ့ နံနက်ပိုင်းက ရပ်ကွက်၊ ကျေးရွာများအတွင်း တာဝန်ရှိသူများက အသံချဲ့စက်များဖြင့် လှည့်လည်အသိပေး နှိုးဆော်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)



## စူဠဘွဲ့နှင်းသဘင်စာအောင်လက်မှတ်နှင့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

**စစ်ကိုင်း စက်တင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ရွှေဘိုခရိုင်၊ ရွှေဘိုမြို့၊ ကျီတော်စုရပ်ရှိ ရတနာသိဃ်သာသနာ့ဗိမာန်တော်ကြီးတွင် စက်တင်ဘာ ၁၇ရက် မွန်းလွဲပိုင်းက စူဠဘွဲ့နှင်းသဘင် စာအောင်လက်မှတ်နှင့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ကျင်းပသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့ပြီး ရွှေဘိုမြို့နယ် သံဃနာယကဥက္ကဋ္ဌပုခန်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တဝိသုတထံမှ ငါးပါးသီလခံယူ ဆောက်တည်ခဲ့ပြီး၊ ဆရာတော်ကြီးများမှ အန္တရာယ်ကင်း တရားတော်များ ရွတ်ဖတ်ပူဇော်ကြသည်။

တက်ရောက်လာသူများက ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းနှင့်ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြပြီး ဓမ္မာစရိယတန်းအောင် သံဃာတော်၁၆ပါး၊ ပထမကြီးတန်းအောင်သံဃာ ၈ ပါး၊ ပထမလတ်တန်းအောင် သံဃာတော် ၁၂ပါး၊ ပထမငယ်တန်းအောင်သံဃာတော်၂၅ပါး၊ အခြေပြု မူလတန်းအောင် သံဃာတော် ၅၁ပါး စုစုပေါင်း ၁၁၂ပါးတို့အား တက်ရောက်လာသူများက စာအောင်လက်မှတ်၊ ဝတ္ထုငွေနှင့် ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသလင်္ကာရာဘိဝံသမှ လှူဒါန်းမှု အစုစုအတွက် အနုမောဒနာတရားဟောကြားချီးမြှင့်၍ အလှူရေစက်သွန်းချ အမျှပေးဝေခြင်းပြုလုပ်ကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနား ပြီးမြောက်အောင်မြင်ခဲ့သည်။

ထို့နောက် ရွှေဘိုတပ်နယ်မှူးနှင့်အရာရှိ စစ်သည်မိသားစုဝင်များ၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖနှင့် စေတနာရှင် အလှူရှင်များ၏ စုစုပေါင်းလှူဒါန်းငွေကျပ် ၉၇၃၀၀၀၀၀ လှူဒါန်းနိုင်ခဲ့သည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်နှင့်ဩဝါဒစရိယ ဆရာတော်ကြီးများ၊ စာအောင် သံဃာတော်များ၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးအောင်အောင်နှင့်အရာရှိ စစ်သည်များ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများနှင့်လူမှုရေး အသင်းအဖွဲ့များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)(၃၉၄)**

## ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းဥပတ္ထမ္ဘကအဖွဲ့ လပတ်ပုံမှန်အစည်းအဝေး(၇/၂၀၂၄)ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၀**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဥပတ္ထမ္ဘကအဖွဲ့၏ လပတ်ပုံမှန်အစည်းအဝေး(၇/၂၀၂၄)ကို ဥပတ္ထမ္ဘကအဖွဲ့အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၈ရက် မွန်းလွဲ ၁နာရီက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း၏ ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တကေသဝ(ဓမ္မာစရိယ၊ B.A အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဂ္ဂမဟာ ပဏ္ဍိတ)ကြွရောက်တော်မူပြီး မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဥပတ္ထမ္ဘကအဖွဲ့ဥက္ကဋ္ဌ အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာအောင်ဆွေ၊ ဥပတ္ထမ္ဘကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သီဟသုမေ္ဒ မဏိဇောတရေ ဦးချစ်ထွန်း၊ အတွင်းရေးမှူး ဦးမျိုးဝင်းနိုင်နှင့် ဥပတ္ထမ္ဘကအဖွဲ့ဝင်များ တက်ရောက်ကြသည်။



ရှေးဦးစွာ တက်ရောက်လာကြသူများက နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့ပူဇော်၍ အစည်းအဝေး စတင်ဖွင့်လှစ်ကာ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ကျောင်းအုပ်ဆရာတော်က ဩဝါဒကထာမြွက်ကြားတော်မူပြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ဥပတ္ထမ္ဘကအဖွဲ့ ဥက္ကဋ္ဌ အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ဥပတ္ထမ္ဘကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌတို့က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ယခင်ကျင်းပပြီးစီးခဲ့သည့် ဥပတ္ထမ္ဘကအဖွဲ့ လပတ်ပုံမှန်အစည်းအဝေး(၆/၂၀၂၄) မှတ်တမ်းကို ရုံးအဖွဲ့မှူး ဦးမောင်မောင်ကလည်းကောင်း၊၂၀၂၄ခုနှစ် ဩဂုတ်လအတွက် ဘဏ္ဍာရေးမှူး၏ (အပ်၊ ထုပ်၊ ကျန်)ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးမှူး(ကိုယ်စား)အဖွဲ့ဝင် ဦးလှဖုန်းကလည်းကောင်း၊ ၂၀၂၄ခုနှစ်၊ ဩဂုတ်လ တွက် ဝင်ငွေ၊ ထွက်ငွေ ငွေစာရင်း ရှင်းတမ်းကို စာရင်းစစ် ဦးစိုးကြိုင်ကလည်းကောင်း အသီးသီး ဖတ်ကြားတင်ပြကြပြီး အတည်ပြုကြသည်။

ဆက်လက်၍ ဥပတ္ထမ္ဘကအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များကို အတွင်းရေးမှူး ဦးမျိုးဝင်းနိုင်က တင်ပြပြီး ဥပတ္ထမ္ဘကအဖွဲ့ဝင်များက လုပ်ငန်းကဏ္ဍအလိုက် တင်ပြဆွေးနွေးခြင်း အထွေထွေ တင်ပြဆွေးနွေးခြင်း၊ ရှေ့ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆုံးဖြတ်အတည်ပြုခြင်းများ ပြုလုပ်ကြပြီးနောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ပူဇော်၍ အစည်းအဝေးကို အောင်မြင်စွာကျင်းပခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)(၀၅၂)**

## ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ အလှူငွေ လှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၀**

မန္တလေး၊ ချမ်းမြသာစည် မြို့နယ်၊ကန်တော်ကြီး-ကန်ပတ်လမ်း၊ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အမရပူရမြို့ ဆောက်တော‌ဝ အနောက်ရွာ ဦးအုန်းလွင်၏ (၄)လပြည့်အားရည်စူး၍ ဦးသန်းထွန်း+ဒေါ်သန်းသန်းမော် မောင်နှမတစ်စုတို့မှ ဆွမ်းအလှူငွေကျပ်လေးသိန်းအား ယမန်နေ့ကလှူဒါန်းရာ ဆွမ်း၊ ကွမ်းဝေယျာဝစ္စ ဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့မှ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့သည်။

အလှူရှင်များ လှူဒါန်းလိုပါက ဖုန်း ၀၉-၄၀၂၆၂၆၃၂၄ သို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(အောက်ပုံ)**

**(ကဆ)**



# မန္တလေးမြို့တော်၏ လည်ပတ်အပန်းဖြေရာ မြို့တော်ညဈေးသစ်

မန္တလေးမြို့တော်၏ လည်ပတ်အပန်းဖြေရာ မြို့တော်ညဈေးသစ်ကို အထင်ကရ မနော်ရမ္မ ဥယျာဉ်မြောက်ဘက် ၆၂လမ်းအနောက်၊ ၃၉ လမ်းကနေ ၄၁ လမ်းအထိ ဧရိယာ ၅၃၀၇၃ စတုရန်းပေနှင့် ပလက်ဖောင်းဧရိယာ ၂၅၄၂၅ စတုရန်းပေ အပါအဝင် စုစုပေါင်း စတုရန်းပေ ၇၈၄၉၈ အကျယ်ရှိ ကွင်းပြင်ပေါ်တွင် Win Hap Co.,Ltd က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ထိုသို့အကောင်အထည်ဖော်ရာမှာ ၁၀ ပေ ပတ်လည်ဈေးဆိုင်ခန်းများကို ထီးတဲများဖြင့် ဆိုင်ခန်းပေါင်း ၃၇၃ ခန်းကို နေရာချထားပြီးဖြစ်သည်။ ဆိုင်ခန်းငှားရမ်းခအဖြစ် တစ်လလျှင် ငှားရမ်းခ ငွေကျပ် ၂၅၀၀၀ သတ်မှတ်ပြီး မီးနှင့်ရေ လိုအပ်ချက်များရှိပါက ပံ့ပိုးပေးထားပါတယ်။

မြို့တော်ညဈေး ဆိုင်ခန်းများကို ဇုန်များခွဲကာ စားသောက်ဆိုင်တန်းဇုန်၊ စားသောက်ဆိုင်ဇုန်မှာလည်း စားသုံးသူတွေ အဆင်ပြေအောင် အဖျော်ယမကာပါတဲ့ ဆိုင်တန်း၊ မပါတဲ့ ဆိုင်တန်း ခွဲထားပေးတယ်။ အဝတ်အထည်ဖက်ရှင်တန်းဇုန်၊ ရေသုံးစွဲမှုမရှိတဲ့ အမှတ်တရပစ္စည်းဆိုင်တွေအပြင် ဈေးအလယ် ပရိမိုရှင်းဧရိယာမှာလည်း အဆင်သင့်သလို ဖျော်ဖြေရေးတွေ၊ ကုန်ပစ္စည်းမိတ်ဆက်ပွဲတွေ ပြုလုပ်လို့ရအောင် စီစဉ်ထားပြီး တစ်ဈေးလုံး မီးလင်းထိန်နေအောင် စီစဉ်ပေး ထားလို့ ဈေးသည်၊ ဈေးဝယ် အဆင်ပြေလှပါ တယ်။

လက်ရှိမှာတော့ အတွင်းတန်းနှင့်အပြင်တန်း မြို့တော်ညဈေးကွင်းထဲ အပိုင်းခွဲပြီး ရောင်းချလျက်ရှိရာ အပြင်တန်းက စားသောက်ဆိုင်တွေကတော့ စည်ကားလျက်ရှိနေပါပြီ။ ကွင်းအတွင်းမှာလည်း အေးဆေးအနားယူ အပန်းဖြေချင်သူတွေအတွက် ကော်ဖီနဲ့အအေးဆိုင်လေးတွေက စည်ကားမိတ်ရနေကြပါပြီ။

မြို့တော်ညဈေးသစ်မှာတော့ ခေတ်ကာလအရ ပြောင်းလဲလာသည့် နေထိုင်စားသောက်မှုပုံစံသစ်များအတိုင်း မာလာရှမ်းကော၊ မာလာမောက်ချိုက်ဆိုင်၊ မာလာဟင်းဆိုင်များ၊ အကင်ဆိုင်များနှင့် အမျိုးသမီးများကြိုက်တတ်သည့် ဈေးဆိုင်တန်းများနှင့် စည်ကားနေတာကတော့ ညစဉ် ညတိုင်းလိုလို ပြည့်နေပါတယ်။

လက်ရှိမြို့တော်ညဈေးသစ်မှာတော့ နာမည်ရစားသောက်ဆိုင်များ၏ ဆိုင်ခွဲများလာရောက်ဖွင့်လှစ်ကြသလို ယခုမှ လုပ်ငန်းသစ်စတင်လိုတဲ့သူတွေ ဈေးကွက်သစ်မိတ်ဆက်ရာ နေရာလေးဖြစ်လို့နေတာကို တွေ့ရပါတယ်။

မြို့တော်ညဈေးသစ်၏ ထူးခြားချက်ကတော့ ညနေဆို ဈေးဆိုင်တန်းများနှင့် လင်းထိန်စည်ကားနေပြီး မနက်ဆို ကျန်းမာရေးလှုပ်ရှားအားကစားလေ့ကျင့်သူများနှင့် စည်ကားနေပါတယ်။ တစ်နေရာတည်း နေ့၊ ည စည်ကားနေခြင်း ဖြစ်ပါတယ်။ မြို့တော်ညဈေးကို ဆိုင်သိမ်းချိန်ပြီးတာနှင့် အမှိုက်လုံးဝမကျန်အောင်ပြန်လည်သန့်ရှင်းပြီး ကျန်းမာရေးအားကစားကွင်းအဖြစ် မြင်တွေ့နေရတာကလည်း နိုင်ငံတကာညဈေးများလို ဖြစ်ပါတယ်။ နေ့လမ်းမကြီးကနေ ညနေဆို ဈေးတန်းကြီးဖြစ်ရာက နံနက်ဆို ဈေးတန်းကြီးဘယ်ရောက်သွားမှန်း မသိရအောင် သန့်ရှင်းမှုအားကောင်းလှသလို သွားလာရေးကိုလည်း လုံးဝထိခိုက်မှုမရှိဘဲ ခင်းကျင်းရောင်းချသည့်စနစ်မျိုး ဖြစ်ပါတယ်။

မန္တလေးသူ၊ မန္တလေးသားများကတော့ ညဈေးဆိုတာနှင့် မန္တလေးဈေးချိုတော်အနီး ၈၄လမ်းမကြီးပေါ်က ညဈေးကိုပြေးမြင်ပြီး မုန့်ဟင်းခါးဆိုင်များ၊ ကြာဆံဟင်း၊ မုန့်ဆိုင်များ၊ ထိုးမုန့်ဆိုင်များ၊ မုန့်လင်မယားဆိုင်၊ အာတာပူစီသကြားမုန့်၊ ဖွာလူဒါအအေး၊ ရေခဲမုန့် ၊ မလိုင်လုံးများ၊ ဆိတ်ပုဆိုးကြမ်း၊ ဝက်သားတုတ်ထိုးဆိုင်များကို မြည်းစမ်းမကြည့်ဘူးတဲ့ မန္တလေးသူ၊ မန္တလေးသားဆိုတာ မရှိ သလောက်ပါဘဲ။ ဒီထက်ပိုပြီး ညဈေးကို




အကျွမ်းတဝင်ရှိသူတွေကတော့ လိုချင်ဖတ်ချင်တဲ့ စာအုပ်များရှာဖွေခြင်း၊ အိမ်သုံး တိုလီမိုလီကိရိယာစုံကို ရှာဖွေဝယ်ယူဖူးလိမ့်မည်။ မိန်းမပျိုလေးများကတော့ ညဈေးမှာ အိတ်လှလှလေးများ၊ ဖိနပ်လှလှလေးများ ဒီဇိုင်းအသစ်ပေါ်တိုင်း လာရောက်လေ့ရှိတဲ့ ဖက်ရှင်ဒီဇိုင်းအသစ်များကို ရွေးချယ်ရာနေရာအဖြစ် လာရောက်ကြပါတယ်။

မန္တလေးမြို့ခံများ၏ ဧည့်သည်ကိုလိုက်ပို့ပေးရတဲ့ လည်ပတ်စရာနေရာဆိုရင်လည်း ညဈေးတန်းက အပါအဝင် ဖြစ်ပါတယ်။ မန္တလေးညဈေးတန်း



ဆိုလိုက်တာနဲ့ စာအုပ်စာပေအသစ်များ၊ အဟောင်းများကို တစ်နေရာတည်းရှာဖွေရရှိနိုင်သလို အမြည်းစားရင်း ထိုးမုန့်ဆိုင်တန်းလေးကိုတော့ လျှောက်ဖူးတိုင်း သိကြလေသည်။

မန္တလေးမြို့၏ ၁၂ ရာသီပွဲတော်အကြိုကာလတွေရဲ့ အနှစ်အရသာဟာ ညဈေးတန်းမှာ လမ်းလျှောက်ရင်း သိသာပေါ်လွင်စေလှပါတယ်။ သင်္ကြန်ကာလ အကြိုရက်တွေမှာ သင်္ကြန်သီချင်းများဖွင့်လှစ်ပြီး သင်္ကြန်ဖက်ရှင်များဖြစ်တဲ့ ယိမ်းဝတ်စုံဒီဇိုင်းသစ်များ၊ သင်္ကြန်ပန်းကုံးများ၊ ရေပြွတ်ကစားစရာများကို ကြိုတင်ဝယ်ယူကြပါတယ်။ သီတင်းကျွတ်အကြို မီးပုံးကားများ၊ ဆီမီးခွက်လေးများ၊ ဗျောက်အိုး၊ မီးရှူးမီးပန်းများ စသည့်ဖြင့် ပွဲတော်အကြိုရက်တွေမှာ ဈေးဝယ်ယူသူများနှင့်စည်ကားလေ့ရှိသည်မှာ အစဉ်အလာတစ်ခု ဖြစ်လို့နေပါတယ်။

ရာသီအလိုက်ဆိုရင်လည်း မိုးရာသီဆိုလျှင် မိုးရာသီသုံး ထီး၊ ဖိနပ်အစ မိုးကာဝတ်စုံများ၊ ဆောင်းရာသီဆိုလျှင် အားကစားဝတ်စုံများ၊ အားကစားပစ္စည်းဆိုင်များ၊ သားရေဂျာကင်ဆိုင်များသည် မန္တလေးသားတွေ အဓိကဝယ်ယူရသည့် အနွေးဝတ်ထည်များ ဖြစ်သည်။ ကျောင်းဖွင့်ရာသီဆိုရင်ဖြင့် ကျောင်းသုံး ဖတ်စာအုပ်အဟောင်း၊ အသစ်ဈေးကွက်မို့ ကြိုတင်ရှာဖွေဝယ်ယူကြရတဲ့ ကျောင်းသားမိဘများ အားထားရာနေရာလေးတစ်ခုဆိုရင်လည်း ဒီညဈေးတန်းလေးပဲ ဖြစ်ပါတယ်။ အဝတ်အထည်ဒီဇိုင်းသစ်များကို အများဆုံးတွေ့ရှိရတဲ့ ညဈေးတန်းလေးဆိုသည်မှာ ခေတ်၏ရေ့ပြေး ပြယုဂ်တစ်ခုလို ဖြစ်နေပါတယ်။ ရာသီပေါ် ပန်းသီး၊ လိမ္မော်သီး၊ ဒူးရင်းသီး၊ နာနတ်သီး၊ သြဇာသီး၊ ငှက်ပျောသီး၊ စတော်ဘယ်ရီများကို သူ့ရာသီချိန်အတိုင်း ညဈေးတန်းလေးမှာ လှိုင်လှိုင်တွေ့မြင်ရလေ့ရှိသည်။

အခုတော့ ညဈေးတန်းဆိုတာ စားသောက်တန်းတစ်ခုအဖြစ်သာ တွေ့မြင်ရတော့တယ်။ အရင်တုန်းက ဈေးချိုမှာရီစင်အနီး ညဈေးကတော့ လိုချင်တာအကုန်ရတဲ့ နေရာတစ်ခုပါ။ စားလို့သောက်လို့လည်းရ၊ လမ်းလည်းလျှောက်လို့ကောင်း၊ ဧည့်သည်လာရင်လည်းလိုက်ပို့ ဖြစ်တယ်။ ခရီးသွားစရာရှိရင်လည်း ခရီးဆောင်အိတ်တွေ လာဝယ်ဖြစ်တာမျိုးတွေနဲ့ အမြဲလိုလိုရောက်ဖြစ်ခဲ့ပါတယ်။ နောက်ဆုံးနှစ်ကုန်လို့ ပြက္ခဒိန်တွေ၊ ပိုစတာတွေကို တကူးတက လာဝယ်ရတဲ့နေရာကတော့ မန္တလေးညဈေးပဲ ဖြစ်ပါတယ်။

ဒီတော့ ညဈေးတန်းလို့ဆိုလိုက်တာနဲ့ မျက်စိထဲတန်းမြင်ကြတာကတော့ တစ်ယောက်တစ်မျိုးနဲ့ပြောရရင် ပြောမဆုံးနိုင်အောင် ဝယ်စရာတွေများတဲ့ ခေတ်ရှေ့ပြေးဈေးတန်းကြီးတစ်ခုလို့သာ ခြုံပြောရပါလိမ့်မယ်။

ဆိုတော့ မန္တလေးမြို့ညဈေးတန်းဆိုတာ မန္တလေးရဲ့ လူမှုစီးပွားရေးအခြေအနေများကို ထင်ပေါ်ထင်ဟပ်စေသလို ဈေးသည်များရဲ့ မျိုးဆက်အလိုက် ဆင့်ကဲဆင့်ကဲ အမွေခံစီးပွားရေးလုပ်ငန်းများ၏ ရှင်သန်ရပ်တည်နိုင်တာတွေရှိသလို၊ ခေတ်ကာလရေစီးကြောင်းအတိုင်း ပြောင်းလဲတိုးတက်လာတာနဲ့အတူ ပျောက်ကွယ်သွားတဲ့ တိပ်ခွေအသံသွင်းဆိုင်လေးများကတော့ အမှတ်တရရှိနေပါတယ်။

လက်ရှိကာလမှာတော့ မန္တလေးညဈေးသစ်မှာ ခေတ်ကာလအရ ပြောင်းလဲလာသည့် မုန့်ဆိုင်တန်းများနှင့်အတူ စာအုပ်အဟောင်းဆိုင်လေးများ၊ မန္တလေးဒေသထွက်ထိုးမုန့်၊ လမုန့်တန်းများ၊ အမရပူရဒေသထွက် ပိုးပုဆိုးများ၊ ပိုးထည်များ၊ အမှတ်တရအင်္ကျီထည်လေးများ၊ ကလေးကစားစရာ အရုပ်ဆိုင်လေးများကို တွေ့မြင်ရလျှင် ပြည့်စုံတဲ့ မြို့တော်ညဈေးလေး ဖြစ်လာပါမယ်။

အိမ်နီးချင်းထိုင်းနိုင်ငံက မန္တလေးမြို့နဲ့ ညီအစ်မမြို့တော် ချင်းမိုင်မြို့က ညဈေးတန်းမှာလည်း ဒေသလက်မှုဆိုင်လေးများ၊ ကျန်းမာရေးအကြောပြင်ဆိုင်လေးများ၊ အဝတ်အထည်များ၊ လက်ဆောင်ပစ္စည်း အရောင်းဆိုင်များနဲ့ ခရီးသွားတွေကို ဆွဲဆောင်နိုင်လှပါတယ်။ မန္တလေးမြို့တော် ညဈေးလိုပုံစံမျိုးနှင့် မနက်ဆို လမ်းမကြီး၊ ညနေဆို ဈေးတန်းကြီး၊ ညမြင်ကွင်း၊ နေ့မြင်ကွင်း ရသမတူပဲ မြို့နေပြည်သူများ၏ အပန်းဖြေအနားယူလည်ပတ်စရာနေရာတစ်ခု ဖြစ်လို့နေပါတော့သည်။

ရွှေမန်း



# လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း မြို့နယ်အဆင့် နည်းပြသင်တန်းများ ဖွင့်လှစ်

**ရေဦး စက်တင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ရေဦးခရိုင်၊ ရေဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေနဒီဦးခန်းမတွင် ယမန်နေ့နံနက်ပိုင်းက ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ စာရင်းကောက်၊ စာရင်းစစ်သင်တန်းဖွင့်ပွဲ အခမ်းအနားပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးမင်းသူရက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး အတွင်းရေးမှူး ဦးခင်မောင်စိုးက သန်းခေါင်စာရင်းကောက်ယူရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က သန်းခေါင်စာရင်းကောက်ယူမည့် သင်တန်းသားများအား သင်တန်းနှင့်ပတ်သက်၍ စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားကာ အခြေခံပညာဦးစီးဌာနသို့ သန်းခေါင်စာရင်းကောက်ယူရေး ခန့်အပ်လွှာများပေးအပ်ခဲ့သည်။



ထို့နောက် ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌက သင်တန်းသားများအား လှည့်လည်နှုတ်ဆက်အားပေးစကားများ ပြောကြားပြီး သန်းခေါင်စာရင်းကောက်ယူရာတွင် အသုံးပြုရမည့် ပစ္စည်းများအား ကြည့်ရှုစစ်ဆေးခဲ့သည်။ **(ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**



**ပျဉ်းမနား စက်တင်ဘာ ၂၀**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း မြို့နယ်အဆင့် နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အမှတ်-၁ အခြေခံပညာ အထက်တန်းကျောင်း၊ အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းစိုး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ပျဉ်းမနားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသန်းထွန်းအောင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပျဉ်းမနားမြို့နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး ပျဉ်းမနားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက နည်းပညာအကူအညီဖြင့် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်ထိ အိမ်ထောင်စုအလိုက် မေးခွန်းပုံစံ ၆၈ ခုနှင့် အဖွဲ့အစည်းအလိုက် မေးခွန်းပုံစံ ၁၈ ခုဖြင့် ကောက်ယူသွားမည်ဖြစ်ကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ပေးအပ်ထားသည့် တာဝန်များကို မိမိတို့၏ အတွေ့အကြုံ၊ စွမ်းဆောင်နိုင်မှုအရည်အသွေး၊ စိတ်စေတနာကောင်းများဖြင့်ပေါင်းစပ်ပြီး သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် သန်းခေါင်စာရင်းလုပ်ငန်းစဉ်များ၊ သန်းခေါင်စာရင်း ဥပဒေပြဋ္ဌာန်းချက်များ၊ စာရင်းစစ်စာရင်းကောက်များ၏ အခန်းကဏ္ဍများနှင့် တာဝန်များ၊ လူဦးရေဆိုင်ရာ အချက်အလက်များ၊ ပြည်တွင်းရွှေ့ပြောင်းသွားလာခြင်း အကြောင်းအရာ၊ ပညာရေးအကြောင်းအရာ (အသက် ၃ နှစ်နှင့်အထက်)၊ လုပ်သားအင်အားအကြောင်းအရာ (အသက် ၅ နှစ်နှင့်အထက်)၊ မွေးဖွားခြင်းအကြောင်းအရာ (အသက် ၁၀ နှစ်နှင့်အထက်)၊ မသန်စွမ်းမှုအကြောင်းအရာ (အသက် ၅ နှစ်နှင့်အထက်)၊ ပြည်ပရွှေ့ပြောင်းသွားလာခြင်း အကြောင်းအရာ၊ အိမ်အကြောင်းအရာ၊ သေဆုံးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင် သေဆုံးခြင်း အကြောင်းအရာ စသည့် ခေါင်းစဉ်များဖြင့် သင်တန်းနည်းပြများက စက်တင်ဘာ ၁၇ ရက်မှ ၂၈ ရက်ထိ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ပြီး ပျဉ်းမနားမြို့နယ်အတွင်းရှိ စာရင်းစစ်၊ စာရင်းကောက်စုစုပေါင်း ၁၅၇ ဦး တက်ရောက်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

**မန္တလေး စက်တင်ဘာ ၂၀**

သန်းခေါင်စာရင်းမေးခွန်းပါ အကြောင်းအရာများကို ပြည့်စုံမှန်ကန်စွာ ကောက်ယူနိုင်မှသာ အရည်အသွေးကောင်းမွန်ပြီး အောင်မြင်မည်ဖြစ်ရာ အရည်အချင်းပြည့်ဝသော စာရင်းစစ်၊ စာရင်းကောက်များရရှိစေရေး အတွက် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး၊ စာရင်းစစ်၊ စာရင်းကောက်သင်တန်း(မြို့နယ်အဆင့်)ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၇ ရက် နံနက် ၉ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်း၊မြတ်မာကျောင်းဆောင်တွင် ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်သန်းခေါင်စာရင်းကော်မတီဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ခေတ္တဥက္ကဋ္ဌ၊ ဗိုလ်မှူး ဝင်းမျိုးထွန်းနှင့်အဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းထွန်းလင်း၊ မြို့နယ်သန်းခေါင်စာရင်း ကော်မတီအတွင်းရေးမှူး ဦးသိန်းလွင်နှင့်ကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆွေ က အမှာစကားပြောကြားပြီး သင်တန်းသားများအား သင်တန်းအထောက်အကူပြုပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၁၇၅ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၀ ရက် ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

**(ဝ၉၃)**



**ကလေး၀ စက်တင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ကျင်းပသည့် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်းပညာရတနာခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး ဦးအောင်ကျော်မိုးက ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။ **(အောက်ဝဲပုံ)**

အဆိုပါသင်တန်းကို စက်တင်ဘာ ၁၇ ရက်မှ ၂၈ ရက်အထိ သင်တန်းပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၂၆ ဦးတက်ရောက်မည်ဖြစ်ကာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ခံသွားမည်ဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**



**အမရပူရ စက်တင်ဘာ ၂၀**

မန္တလေး၊ အမရပူရမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ အမရအောင်မြေခန်းမတွင် ယနေ့နံနက် ၉ နာရီက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး မြို့နယ်အဆင့် နည်းပြသင်တန်းဖွင့်ပွဲကို ကျင်းပခဲ့သည်။ **(ယာပုံ)**

မြို့နယ်အဆင့် နည်းပြသင်တန်းဖွင့်ပွဲတွင် အမရပူရမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးညွန့်ဦးက အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ထို့နောက် သန်းခေါင်စာရင်းဆိုင်ရာ သမိုင်းကြောင်းကို မြို့နယ် သန်းခေါင်စာရင်းဆိုင်ရာ အတွင်းရေးမှူး ဦးတင်ကိုကိုဝင်းက ရှင်းလင်းပြောကြားခဲ့ပြီး သင်တန်းသား၊ သင်တန်းသူများအတွက် တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့သည်။ ထို့နောက် ၂၀၂၄ သန်းခေါင်စာရင်းဆိုင်ရာ Video ကလစ်အား ပြသခဲ့သည်။ ဆက်လက်ပြီး ခရိုင်အဆင့် သန်းခေါင်စာရင်းကော်မတီအဖွဲ့ဝင်များ မြို့နယ်အဆင့်သန်းခေါင်စာရင်းကော်မတီအဖွဲ့ဝင်များ တက်ရောက်လာသည့် ဌာနဆိုင်ရာများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံကို ရိုက်ကူးခဲ့ကြောင်း သိရသည်။ အဆိုပါသင်တန်းတွင် တိုင်းဒေသကြီး နည်းပြဆရာသုံးဦး၊ ခရိုင်နည်းပြဆရာဆယ့်နှစ်ဦးတို့မှ သင်တန်းသား၊ သင်တန်းသူ ၁၆၆ ဦးကို ၁၂ ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဝ၈၄)**



# ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၂၀

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများတွင် ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေး အဖွဲ့များက ရေများပြန်လည်ကျဆင်းသွားသည့် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့တွင် လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ရွှေညောင်မြို့နှင့် ကလောမြို့နယ်တို့တွင် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်နှင့် ရမည်းသင်းမြို့နယ်တို့တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်တွင်လည်းကောင်း၊ ရပ်ကွက်၊ ကျေးရွာများမှ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများတွင် လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေး လုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများ အတွင်း၌ တင်ကျန်ခဲ့သည့်နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်း အပါအဝင် အခြားလိုအပ်သည်များကို ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ **(အပေါ်ယာပုံ)** နှင့် ကျန်းမာရေး အသိပညာပေး ဟောပြောဆွေးနွေးခြင်းများဆောင်ရွက်ပေးပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့်အလှူရှင်များက ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရော ပေးအပ်လှူဒါန်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။




ထိုသို့ ပေးအပ်လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် စိုးမင်းနှင့် တာဝန်ရှိသူများသည် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရွာသစ်ကြီးပရိယတ္တိစာသင်တိုက်တွင် ဖွင့်လှစ်ထားရှိသည့် ရေဘေးကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ အဆိုပါ စာသင်တိုက်မှ တိုက်အုပ်ဆရာတော်အား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများ ပေးအပ်သည်။ ထို့နောက် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများနှင့် ရေသန့်ထုတ်လုပ်ပေးသည့် တပ်မတော်မော်တော်ယာဉ်ရွှေ့လျားရေသန့်စက်ဖြင့် သောက်ရေသန့်ထုတ်လုပ် ဖြန့်ဝေပေးနေမှုများကိုလည်းကောင်း၊ နယ်မြေခံတပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးနေမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် သာယာကုန်းကျေးရွာနှင့် ပျဉ်းမနားမြို့နယ် ညောင်ပင်သာကျေးရွာသို့ ဆက်သွယ်ထားရှိသော ဆင်သေချောင်းကူးတံတားသို့ သွားရောက်၍ တံတားချဉ်းကပ်လမ်းပျက်စီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ ဇေယျာသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်သို့ ဆက်သွယ်ထားရှိသော မြို့နယ်ချင်းဆက် ဆင်သေချောင်းကူးတံတားသည် ဇေယျာသီရိမြို့နယ် စည်ပင်ကြီးကျေးရွာ၊ ချောင်းကမ်းကြီးကျေးရွာ၊ ညောင်ပင်ကြီးကျေးရွာ၊ သာယာကုန်းကျေးရွာ၊ ရုံးပင်စောင်းကျေးရွာနှင့် စည်ပင်သာယာကျေးရွာတို့မှ ကျောင်းသား ကျောင်းသူများက ပျဉ်းမနားမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများသို့ ကျောင်းတက်ရောက်ရာတွင် အသုံးပြုရသော ဆင်သေချောင်းကူး တံတားဖြစ်ကြောင်း သိရသည်။

ယင်းအပြင် ရေကြီးမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း/ တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည် ကောင်းမွန်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပျက်စီးခဲ့သည့် လမ်း/ တံတားများကိုလည်း ယာယီသံပေါင် ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံးပြန်လည်ပြင်ဆင် ဆောင်ရွက်ပေးလျက် ရှိကြောင်းနှင့် ပြုပြင်ရန်ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံးဆက်လက်ပြုပြင် ဆောင်ရွက်လျက်ရှိသည်။ **သတင်းစဉ်**



လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့်နုန်းများ ရှင်းလင်းဆောင်ရွက်စဉ်။

○ **စာမျက်နှာ ၂၄ မှ**


ဆက်လက်ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရပါသည်။ ထိုမှတစ်ဆင့် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ကာ ၂၃-၉-၂၀၂၄ ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်း၌ လေဖိအားနည်းရပ်ဝန်းအဖြစ် ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ လေဖိအားနည်းဆဲလ်နှင့် အကြွင်းအကျန်တိမ်တိုက်များ၏အရှိန်ကြောင့် ယနေ့ညမှ ၂၅-၉-၂၀၂၄ ရက်နေ့အတွင်း နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးခြင်းများနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက် ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

ယနေ့ညမှ ၂၅-၉-၂၀၂၄ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




## စစ်တောင်းမြစ်ရေ တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၂၀

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခွဲခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ငါးပေကျော် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

# ဒေါ်ဝင်းကြည်နှင့် အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဂဂ-၃)၊ ဦးပိုင်အမှတ်(၈၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကအတွင်းမှ တောင်ဘက်ခြမ်းဧရိယာ(၁၃ ပေ × ပေ ၆၀)နှင့် ဦးပိုင်အမှတ်(၈၇)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကအတွင်းမှ မြောက်ဘက်ခြမ်းဧရိယာ(၁၃ ပေ × ပေ ၆၀)၊ စုစုပေါင်းဧရိယာ(၂၆ ပေ × ပေ ၆၀) အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် မြေပေါ်၊ မြေအောက် ပိုင်ဆိုင်ခွင့်အရပ်ရပ်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်ဝင်းကြည်ထံမှ ကျွန်တော် ဦးပိုင်စိုးလင်း(ဘ)ဦးသိန်းထွန်း(၉/မကန(နိုင်)၀၉၀၂၀၈)က(၈-၇-၂၀၁၂)ရက်တွင် မြေကွက်အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ထားပါသည်။ ကတိစာချုပ်အရ ဖော်ပြပါမြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ကို ဒေါ်ဝင်းကြည်က ဤသတင်းစာကြေညာသည့်ရက်မှ (၇)ရက်အတွင်း ချုပ်ဆိုပေးရန် အသိပေးအကြောင်းကြားပါသည်။ ပျက်ကွက်ပါက တည်ဆဲတရားဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်ဝင်းကြည်နှင့် အများသိစေရန် အသိပေးကြေညာပါသည်။

**အသိပေးကြေညာသူ–**
**ဦးပိုင်စိုးလင်း(၉/ မကန(နိုင်)၀၉၀၂၀၈)**
**ဖုန်း➤ ၀၉-၂၅၉၂၂၀၃၄၅**

# ဒေါ်ဝင်းကြည်နှင့် အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဂဂ-၃)၊ ဦးပိုင်အမှတ်(၈၇)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကအတွင်းမှ တောင်ဘက်ခြမ်းဧရိယာ(၂၇ ပေ × ပေ ၆၀) အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် မြေပေါ်၊ မြေအောက် ပိုင်ဆိုင်ခွင့်အရပ်ရပ်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်ဝင်းကြည်ထံမှ ကျွန်မ ဒေါ်မေဝါလင်း(ဘ)ဦးသိန်းထွန်း(၉/မကန(နိုင်)၀၉၀၂၀၉)က (၈-၇-၂၀၁၂)ရက်တွင် မြေကွက်အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ထားပါသည်။ ကတိစာချုပ်အရ ဖော်ပြပါမြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ကို ဒေါ်ဝင်းကြည်က ဤသတင်းစာကြေညာသည့်ရက်မှ (၇)ရက်အတွင်း ချုပ်ဆိုပေးရန် အသိပေးအကြောင်းကြားပါသည်။ ပျက်ကွက်ပါက တည်ဆဲတရားဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်ဝင်းကြည်နှင့် အများသိစေရန် အသိပေးကြေညာပါသည်။

**အသိပေးကြေညာသူ–**
**ဒေါ်မေဝါလင်း(၉/ မကန(နိုင်)၀၉၀၂၀၉)**
**ဖုန်း➤ ၀၉-၂၅၉၂၂၀၃၄၅**

## ကြော်ငြာစာ

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရေထွက်ကျေးရွာအုပ်စု၊ မြို့မြေတိုးချဲ့ (၄)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၄၉၈-က/ကျီကုန်းကွင်း)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၄/၃၂)၊ ဧရိယာ(၀ ဒသမ ၀၁၁)ဧကရှိ မြေနေရာအား ဒေါ်အေး အမည်ဖြင့် ပုသိမ်ကြီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လက်ထောက်ကော်လိတ္တော်အရာရှိရုံး၏ တောဂရန်အမှုတွဲအမှတ်(၈၆၃၉/၁၉၉၃-၁၉၉၄)အရ (၄-၄-၁၉၉၃)ရက်မှ (၃-၄-၂၀၂၃)ရက်အထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပြီး မြေငှားဂရန်သက်တမ်းမှာ ကုန်ဆုံးပြီဖြစ်ပါ၍ အဆိုပါမြေနေရာအား ဒေါ်အေး(၉/မနမ(နိုင်)၀၅၈၃၂၉)အမည်ဖြင့် မြေငှားဂရန်၊ သက်တမ်းတိုး ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောသက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

## ကြော်ငြာစာ

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ မြို့မရပ်ကွက်၊ ရန်ကင်းသာယာ(က)ရပ်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၄၉၇/ပုသိမ်ကြီး)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(က/၂၂၃)၊ ဧရိယာ(၀ ဒသမ ၀၅၅)ဧကရှိ မြေနေရာအား ဒေါ်ယဉ်ယဉ်စိုး(ခ)သီတာစိုး အမည်ဖြင့် ပုသိမ်ကြီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လက်ထောက်ကော်လိတ္တော်အရာရှိရုံး၏ တောဂရန်အမှုတွဲအမှတ်(၈၄၁၇/၁၉၉၃-၁၉၉၄)အရ (၃၁-၃-၁၉၉၃)ရက်မှ (၃၀-၃-၂၀၂၃)ရက်အထိ နှစ်(၃၀)မြေငှား ဂရန်ရရှိခဲ့ပြီး မြေငှားဂရန်သက်တမ်းမှာ ကုန်ဆုံးပြီဖြစ်ပါ၍ အဆိုပါမြေနေရာအား ဒေါ်ယဉ်ယဉ်စိုး(ခ)ခင်သီတာစိုး(၉/ရမသ(နိုင်)၀၀၁၈၃၈)အမည်ဖြင့် မြေငှားဂရန်၊ သက်တမ်းတိုး ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောသက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

## မြေငှားဂရန် ဦးပိုင်ခွဲ ကြော်ငြာစာ

ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

| စဉ် | လျှောက်ထားသူ | လျှောက်ထားသည့်မြေ | | | | | လျှောက်ထားသည့် အကြောင်းအရာ | အမှုတွဲအမှတ် |
|---|---|---|---|---|---|---|---|---|
| | အမည်/မှတ်ပုံတင် | မြို့နယ် | ကျေးရွာအုပ်စု | ကွင်း/အကွက်အမှတ်နှင့်အမည် | ဦးပိုင်အမှတ်/ မြေကွက်အမှတ် | ဧရိယာ(ဧက) | | |
| ၁။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၉/ချောင်းကြီးဝမြောက် | ၁၂/၁ | ၀ ဒသမ ၃၃ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၂၆၄/၂၀၂၄-၂၀၂၅ |
| ၂။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၉/ချောင်းကြီးဝမြောက် | ၁၅/၁ | ၀ ဒသမ ၁၉ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၂၆၅/၂၀၂၄-၂၀၂၅ |
| ၃။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၉/ချောင်းကြီးဝမြောက် | ၁၅/၂ | ၀ ဒသမ ၂၀ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၂၆၆/၂၀၂၄-၂၀၂၅ |
| ၄။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၉/ချောင်းကြီးဝမြောက် | ၁၆/၁ | ၀ ဒသမ ၂၇ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၂၆၇/၂၀၂၄-၂၀၂၅ |
| ၅။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၉/ချောင်းကြီးဝမြောက် | ၁၆/၂ | ၀ ဒသမ ၂၃ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၂၆၈/၂၀၂၄-၂၀၂၅ |
| ၆။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၀/ချောင်းကြီးအရှေ့ | ၅၇/၁ | ၀ ဒသမ ၂၀ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၂၆၉/၂၀၂၄-၂၀၂၅ |
| ၇။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၀/ရကြည်အရှေ့ | ၅၇/၂ | ၀ ဒသမ ၁၉ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၂၇၀/၂၀၂၄-၂၀၂၅ |
| ၈။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၀/ရကြည်အရှေ့ | ၅၈/၁ | ၀ ဒသမ ၂၀ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၂၇၁/၂၀၂၄-၂၀၂၅ |
| ၉။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၀/ရကြည်အရှေ့ | ၅၈/၂ | ၀ ဒသမ ၁၉ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၂၇၂/၂၀၂၄-၂၀၂၅ |
| ၁၀။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၀/ရကြည်အရှေ့ | ၆၄/၁၈ | ၀ ဒသမ ၁၈ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၂၇၃/၂၀၂၄-၂၀၂၅ |
| ၁၁။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၀/ရကြည်အရှေ့ | ၆၄/၁၉ | ၀ ဒသမ ၂၃ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၂၇၄/၂၀၂၄-၂၀၂၅ |
| ၁၂။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၀/ရကြည်အရှေ့ | ၆၄/၂၀ | ၀ ဒသမ ၁၉ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၂၇၅/၂၀၂၄-၂၀၂၅ |
| ၁၃။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၀/ရကြည်အရှေ့ | ၆၄/၂၁ | ၀ ဒသမ ၁၉ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၂၇၆/၂၀၂၄-၂၀၂၅ |
| ၁၄။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၀/ရကြည်အရှေ့ | ၈၃/၁၀ | ၀ ဒသမ ၁၀၉ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၂၇၇/၂၀၂၄-၂၀၂၅ |
| ၁၅။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၀/ရကြည်အရှေ့ | ၈၃/၁၁ | ၀ ဒသမ ၁၀၆ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၂၇၈/၂၀၂၄-၂၀၂၅ |
| ၁၆။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၀/ရကြည်အရှေ့ | ၈၃/၁၄ | ၀ ဒသမ ၁၀၆ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၂၇၉/၂၀၂၄-၂၀၂၅ |
| ၁၇။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၀/ရကြည်အရှေ့ | ၈၃/၁၇ | ၀ ဒသမ ၁၀၆ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၂၈၀/၂၀၂၄-၂၀၂၅ |
| ၁၈။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၀/ရကြည်အရှေ့ | ၈၃/၂၀ | ၀ ဒသမ ၁၀၆ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၂၈၁/၂၀၂၄-၂၀၂၅ |
| ၁၉။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၀/ရကြည်အရှေ့ | ၈၃/၂၁ | ၀ ဒသမ ၁၀၆ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၂၈၂/၂၀၂၄-၂၀၂၅ |
| ၂၀။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၀/ရကြည်အရှေ့ | ၈၅/၁/၁ | ၀ ဒသမ ၁၀၆ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၂၈၃/၂၀၂၄-၂၀၂၅ |
| ၂၁။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၀/ရကြည်အရှေ့ | ၈၅/၁/၄ | ၀ ဒသမ ၁၀၉ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၂၈၄/၂၀၂၄-၂၀၂၅ |
| ၂၂။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၀/ရကြည်အရှေ့ | ၈၅/၁/၈ | ၀ ဒသမ ၁၉ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၂၈၅/၂၀၂၄-၂၀၂၅ |
| ၂၃။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၀/ရကြည်အရှေ့ | ၈၅/၁/၉ | ၀ ဒသမ ၁၈ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၂၈၆/၂၀၂၄-၂၀၂၅ |
| ၂၄။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၀/ရကြည်အရှေ့ | ၈၅/၁/၁၀ | ၀ ဒသမ ၁၈ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၂၈၇/၂၀၂၄-၂၀၂၅ |
| ၂၅။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၀/ရကြည်အရှေ့ | ၈၅/၁/၁၁ | ၀ ဒသမ ၁၉ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၂၈၈/၂၀၂၄-၂၀၂၅ |
| ၂၆။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၀/ရကြည်အရှေ့ | ၈၇/၁/၁ | ၀ ဒသမ ၁၇ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၂၈၉/၂၀၂၄-၂၀၂၅ |
| ၂၇။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၀/ရကြည်အရှေ့ | ၈၇/၁/၂ | ၀ ဒသမ ၁၆ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၂၉၀/၂၀၂၄-၂၀၂၅ |
| ၂၈။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၀/ရကြည်အရှေ့ | ၈၇/၁/၃ | ၀ ဒသမ ၁၇ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၂၉၁/၂၀၂၄-၂၀၂၅ |
| ၂၉။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၀/ရကြည်အရှေ့ | ၈၇/၁/၄ | ၀ ဒသမ ၁၇ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၂၉၂/၂၀၂၄-၂၀၂၅ |
| ၃၀။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၀/ရကြည်အရှေ့ | ၈၇/၂/၁ | ၀ ဒသမ ၃၇ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၂၉၃/၂၀၂၄-၂၀၂၅ |
| ၃၁။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၀/ရကြည်အရှေ့ | ၈၇/၂/၂ | ၀ ဒသမ ၃၅ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၂၉၄/၂၀၂၄-၂၀၂၅ |
| ၃၂။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၀/ရကြည်အရှေ့ | ၈၇/၂/၃ | ၀ ဒသမ ၂၀ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၂၉၅/၂၀၂၄-၂၀၂၅ |
| ၃၃။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၀/ရကြည်အရှေ့ | ၈၇/၃/၁ | ၀ ဒသမ ၁၇ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၂၉၆/၂၀၂၄-၂၀၂၅ |
| ၃၄။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၀/ရကြည်အရှေ့ | ၈၇/၃/၂ | ၀ ဒသမ ၁၇ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၂၉၇/၂၀၂၄-၂၀၂၅ |
| ၃၅။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၀/ရကြည်အရှေ့ | ၈၇/၃/၃ | ၀ ဒသမ ၁၇ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၂၉၈/၂၀၂၄-၂၀၂၅ |

**အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

❖ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ပြီး ဒေသအလိုက် ထုတ်ကုန်များ တူညီမှုရှိမည် မဟုတ်သဖြင့် ဒေသနှင့်သင့်လျော်ကိုက်ညီသည့် ထုတ်ကုန်များ အောင်မြင်စွာထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်ရမည်ဖြစ် ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၇/၂၀၂၃) သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလ ငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## ရာဂီမုန်တိုင်းဒဏ်ကြောင့် ရေကြီး/ရေလျှံမှုများ ကြုံတွေ့နေရသည့် ရေဘေးသင့်ပြည်သူများအတွက် ဆက်သွယ်ရေးကဏ္ဍ၏ လူမှုအကျိုးပြုလုပ်ငန်း Corporate Social Responsibility (CSR) အဖြစ် ထပ်မံကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည့် အစီအစဉ်များ

ရာဂီမုန်တိုင်းဒဏ်ကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေကြီးသည့်အတွက် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ရေဘေးသင့်ဒေသများရှိ မိုဘိုင်းဖုန်းသုံးစွဲသူပြည်သူများ ဆက်သွယ်ရေးလွယ်ကူ အဆင်ပြေချောမွေ့စေရန် အခမဲ့ဖုန်းပြောဆိုခွင့်နှင့် အခမဲ့စာတိုပေးပို့အသုံးပြုခွင့်ကို စက်တင်ဘာ ၁၃ ရက်မှစတင်၍ ခုနစ်ရက်အထိ မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများက ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ရာ ယခုအခါ ထပ်မံ၍ ရေဘေးသင့်ဒေသများမှ ဒေသခံပြည်သူများအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) မှ မိုဘိုင်းဖုန်းအချင်းချင်း အခမဲ့ဖုန်းပြောဆိုခွင့် မိနစ် (၇၀၀) နှင့် အခမဲ့စာတိုပေးပို့ခွင့် အစောင် (၇၀၀) တို့အား စက်တင်ဘာ ၂၀ ရက်မှ ၂၆ ရက်အထိ၊ အက်တမ်မြန်မာလီမိတက် (ATOM) မှ မိုဘိုင်းဖုန်းအချင်းချင်း အခမဲ့ဖုန်းပြောဆိုခွင့် မိနစ် (၃၀၀) နှင့် အခမဲ့စာတိုပေးပို့ခွင့် အစောင် (၃၀၀) တို့အား စက်တင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ၊ အူရီဒူးမြန်မာလီမိတက် (Ooredoo) မှ မိုဘိုင်းဖုန်းအချင်းချင်း အခမဲ့ဖုန်းပြောဆိုခွင့်အကန့်အသတ်မဲ့နှင့် အခမဲ့စာတိုပေးပို့ခွင့် အကန့်အသတ်မဲ့တို့အား စက်တင်ဘာ ၂၀ ရက်မှ ၂၆ ရက်အထိ၊ တယ်လီကွန်း အင်တာနေရှင်နယ်မြန်မာကုမ္ပဏီလီမိတက် (MYTEL) မိုဘိုင်းဖုန်းအချင်းချင်း အခမဲ့ဖုန်းပြောဆိုခွင့် မိနစ် (၁,၀၀၀) နှင့် အခမဲ့စာတိုပေးပို့ခွင့် အစောင် (၁,၀၀၀) တို့အား စက်တင်ဘာ ၂၁ ရက်မှ ၃၀ ရက်အထိ အသုံးပြုခွင့်ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

## ရာသီဝက် နောက်ဆုံးပွဲတွင် သုံးမှတ် အပြည့်ရရှိခဲ့သည့် မဟာယူနိုက်တက်



Myanmar National League 2024-2025 အမှတ်ပေးဘောလုံးပြိုင်ပွဲ (Week-11)ပွဲစဉ် တစ်ပွဲအဖြစ် ယနေ့ ညနေက YUSC ကွင်း၌ မဟာယူနိုက်တက် အသင်းနှင့် ရေဝတီယူနိုက်တက်အသင်းတို့ ကစားခဲ့ကြပြီး မဟာယူနိုက်တက်အသင်းက ၂ ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မဟာယူနိုက်တက်အသင်းသည် ယနေ့ပွဲတွင် ပွဲစဉ် ၆ မိနစ်၌ပင် တိုက်စစ်မှူး သက်နိုင်၏ ဦးဆောင်ဂိုးရရှိခဲ့ပြီး ယင်းဂိုးဖြင့်ပင် ရေဝတီယူနိုက်တက်အသင်းကို ပထမပိုင်း တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံးမှ လူစားလဲမှုများ အသီးသီးပြုလုပ်ခဲ့ကြသည်။ ပွဲချိန် ၆၀ မိနစ်တွင် မဟာယူနိုက်တက်အသင်းက ဒုတိယဂိုးထပ်မံရခဲ့ပြီး အသင်းခေါင်းဆောင်တိုးဆက်နိုင်က သွင်းယူပေးခဲ့သည်။

ယနေ့နိုင်ပွဲရခဲ့သည့် မဟာယူနိုက်တက်အသင်းသည် ပထမအကျော့ ပွဲစဉ် ၁၁ ပွဲ ကစားအပြီးတွင် ငါးပွဲနိုင်၊ တစ်ပွဲ သရေ၊ ငါးပွဲရှုံး ရမှတ် ၁၆ မှတ်ဖြင့် အဆင့် ၆ တွင် ရပ်တည်လျက်ရှိသည်။ ရေဝတီယူနိုက်တက်အသင်းသည် ပထမအကျော့ပွဲစဉ် ၁၁ ပွဲ ကစားအပြီးတွင် တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ ရှစ်ပွဲရှုံး ရမှတ် ငါးမှတ်ဖြင့် အဆင့် ၁၀ တွင် ရပ်တည်နေသည်။

(NGB)

0-0-0-0-0

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် စက်တင်ဘာ ၂၀

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူး တိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန် ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းလျက်ရှိသည်။

မိုး/ဇလ

## လေဖိအားနည်းဆဲလ် ကယား၊ ကရင်၊ မွန်ပြည်နယ်နှင့် ပဲခူး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဆက်လက်ဖြတ်ကျော်နိုင်

နေပြည်တော် စက်တင်ဘာ ၂၀

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ထိုင်းနိုင်ငံ အရှေ့ပိုင်းဒေသများတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်သည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားကာ ထိုင်းနိုင်ငံ ကုန်းတွင်းပိုင်းဒေသများကို ဆက်လက်ဖြတ်ကျော်လျက်ရှိသည်။ အဆိုပါ လေဖိအားနည်းဆဲလ်နှင့် အကြွင်းအကျန်တိမ်တိုက်များသည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း မြန်မာနိုင်ငံ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတို့ကို

စာမျက်နှာ ၁၉ သို့ ❍

ယနေ့ညမှ ၂၅-၉-၂၀၂၄ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ

